ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ရက်၊ စနေနေ့၊(21-8-2010)(၆၄၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်

နေပြည်တော်　　ဩဂုတ်　　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ်(၃၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၂/၂၀၁၀

၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားရန် ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၉ ပါပြဋ္ဌာန်းထားသည့်အတိုင်း-

(က) စစ်ကိုင်းတိုင်းကို စစ်ကိုင်းတိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(ခ) တနင်္သာရီတိုင်းကို တနင်္သာရီတိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(ဂ) ပဲခူးတိုင်းကို ပဲခူးတိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(ဃ) မကွေးတိုင်းကို မကွေးတိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(င) မန္တလေးတိုင်းကို မန္တလေးတိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(စ) ရန်ကုန်တိုင်းကို ရန်ကုန်တိုင်းဒေသကြီးအဖြစ်လည်းကောင်း၊
(ဆ) ဧရာဝတီတိုင်းကို ဧရာဝတီတိုင်းဒေသကြီးအဖြစ်လည်းကောင်း

ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်လိုက်သည်။

အမိန့်အရ

(ပုံ)သီဟသူရတင်အောင်မြင့်ဦး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာမြို့များ သတ်မှတ်

နေပြည်တော်　　ဩဂုတ်　　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ်(၃၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၃/၂၀၁၀

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာမြို့များ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ခရိုင်နှင့်မြို့နယ်များ သတ်မှတ်

နေပြည်တော်　　ဩဂုတ်　　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ်(၃၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၄/၂၀၁၀

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ခရိုင်နှင့်မြို့နယ်များ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၄ တွင် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အုပ်ချုပ်ရေးနယ်မြေနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းဖော်ပြထားပါသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

ကြေးမုံ
The Mirror
၂၁-၈-၂၀၁၀
(စနေနေ့)

ကျေးလက်ကျောက်ချောလမ်းများ အဆင့်မြှင့်တင် ရာသီမရွေးသွားလာနိုင်မှု ဖွံ့ဖြိုးစည်ပင်

မြန်မာ့ကျေးလက်ဒေသများတွင် နိုင်ငံလူဦးရေ၏ အများစု နေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသများ၏ စီးပွားရေးအခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိစေရေး ဖန်တီးဖော်ဆောင်ပေးနေပြီ။ ဆည်တမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ဒေသအလိုက် ဆည်ကန်အစုအဖွဲ့များ တည်ဆောက်ပေးထားရာ သီးနှံစုံတိုးချဲ့စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပေပြီ။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ခိုင်မာပြီး လူနေမှုအဆင့်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကျေးရွာချင်းဆက်သွယ်သည့် လမ်းများဖောက်လုပ်ပေးထားပြီ။ မြို့ပြနှင့် ကျေးလက်ဆက်သွယ်သည့်လမ်းများလည်း တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။ အချို့မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိရာ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မှု အကျိုးပြုလမ်းများစွာကို တွေ့မြင်နေရပေပြီ။

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အထောင်-မန်းကြာ၊ သစ်မသိ၊ သာယာကုန်း၊ မန်းစက္ကူ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက်က ကျင်းပခဲ့သည်။ လမ်းအရှည်ပေ ခုနစ်ထောင်ကျော်တွင် ကတ္တရာလမ်းမိုင်သုံးထောင်ကျော်နှင့် ကျောက်ချောလမ်းခင်း၍ အဆင့်မြှင့်တင်ပေးခြင်းဖြစ်သည်။ ယင်းသို့ အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သဖြင့် ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၄၀ကျော်မှပြည်သူများ ဓနုဖြူနှင့် ဟင်္သာတမြို့တို့သို့ ခရီးမိုင်တိုသွားပြီး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပေပြီ။

အလားတူ မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းသစ်ကိုလည်း ဩဂုတ် ၁၇ ရက်က ဖွင့်လှစ်နိုင်ခဲ့သည်။ လမ်းအရှည် ပေ ၅၀၀၀ကျော်ရှိပြီး မိုးရာသီတွင် သွားလာမှုအခက်အခဲများ ရှိခဲ့သည်။ ယခုအခါ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သဖြင့် ကြာဖူးငုံ၊ လက်ပန်၊ ဓနိုးချောင်း၊ ကျုံဝါး၊ မဒေါ့ပင်၊ သပြေချောင်၊ ကံကြီးကျေးရွာတို့မှ ပြည်သူများ မြောင်းမြ-ရန်ကုန်ကားလမ်းမကြီးသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ပန်းတနော်မြို့နယ်မှ သုံးမိုင်ရှည် ကျုံပတော-အစုကြီး ကျေးလက်ကျောက်ချောလမ်းသစ်ကိုလည်း အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခဲ့ရာ ပန်းတနော်-ဝါးခယ်မကားလမ်းနှင့် လွယ်ကူစွာဆက်သွယ်သွားလာနိုင်ကြပြီ။ ဇရပ်လှကြီး၊ ကျုံတိုင်း၊ ခတ္တိယအထက်ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၆ရွာမှ ကျေးလက်ပြည်သူများ ရန်ကုန်၊ ပုသိမ်၊ ပန်းတနော်မြို့များသို့ ရာသီမရွေး သွားလာနိုင်ကြပေပြီ။

ယခုအခါ ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးချောမွေ့ကောင်းမွန်နေပြီ။ သွားရေးလာရေး လွယ်ကူလာသဖြင့် ဒေသထွက်ကုန်ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်ကောင်းမွန်လျက်ရှိသည်။ ဆည်ရေအသုံးပြု သီးနှံစုံစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းနေပြီ။ မြန်မာ့ကျေးလက်တစ်ခွင်သည် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိနေပြီ ဖြစ်ပါသည်။ ။

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ၊ ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၀

အောက်တိုဘာ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ "လူသားအရင်းအမြစ် ဖန်တီးရှင်" ဖြစ်ပြီး စာလုံးရေ ၃၀၀၀မှ ၄၀၀၀အတွင်း ရေးသားရမည်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာရေးသားရမည်၊ စာမျက်နှာတပ်ရမည်၊ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာကို ဖော်ပြရမည်။

စာမူနှစ်စောင်၊ ကိုယ်တိုင် ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာ ထည့်သွင်းပြီး ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး ပညာရေး၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးဌာနခွဲ) အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး သံတွဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် သံတွဲမြို့ တပ်နယ်ခန်းမ၌ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် သံတွဲမြို့ လေယာဉ်ကွင်းပြေးလမ်းတိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်တန်းကျောင်းအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို တာဝန်ရှိသူတို့ထံ ပေးအပ်၍ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် သံတွဲမြို့ခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအား အလှူငွေများပေးအပ်သည်။

တိုင်းမှူးသည် ဩဂုတ် ၁၁ရက်တွင် ဂွမြို့နယ် ကျိန္တလီမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဂွမြို့နယ် မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ တာဝန်ရှိသူများ၏ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဂွမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ စာသင်ကျောင်းဆောင်အဆောက်အအုံနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့်တိုင်းမှူးသည် ဂွမြို့တပ်နယ်ခန်းမ၌ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ပြက္ခဒိန် ဝယ်ယူနိုင်

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် ခရစ်နှစ် ၂၀၁၁ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၂-၇၃ ခုနှစ်) ပြက္ခဒိန်ကို "ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး" ပုံတော်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါပြက္ခဒိန်ကို မျက်နှာဖုံး အပ်ပေပါ၊ အတွင်းကို နယူးစ်ပရင့်စက္ကူများဖြင့် ခံ့ညားစွာ ထုတ်ဝေဖြန့်ချိထားသည်။ ပြက္ခဒိန်တွင် လအလိုက် အစိုးရရုံးပိတ်ရက်များ၊ ရက်ရာဇာ၊ ပြဿဒါးရက်များ၊ နဂါးလှည့်အရပ်မျက်နှာများ၊ ဆရာ စံ-ဇာဏီဘိုက မေတ္တာဖြင့် တွက်ချက်ပေးထားသော ဆောက်လုပ်ရေးရက်ကောင်းများ၊ လက်ထပ်ရန် ကောင်းသောရက်များ၊ လုပ်ငန်းစတင်ရန်ကောင်းသောရက်များ၊ ရှင်ပြု ပဉ္စင်းခံရန် ကောင်းသောရက်များ၊ ခရီးသွားခြင်း ကိစ္စဆောင်ရွက်ရန် ကောင်းသောရက်များ၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ကောင်းသောရက်များ၊ အိမ်ပြောင်း အိမ်တက်ပြုရန် ကောင်းသောရက်များ၊ ထီထိုးရန်ကောင်းသောရက်များ၊ မင်္ဂလာအခါမပေးသင့်သော ရက်များနှင့် ခေါင်းလျှော်ရန် ကောင်းသောရက်များ စသည်တို့ကို ပြည့်စုံစွာဖော်ပြထားသဖြင့် အိမ်တိုင်းတွင် ဆောင်ထားသင့်သော ပြက္ခဒိန်တစ်ခုဖြစ်သည်။

အဆိုပါ ပြက္ခဒိန်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း သီရိမင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ယာဉ်ရပ်နားနေရာ ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှု၊ Steel Structure အဆောက်အအုံဈေးရုံများ၊ သွပ်အမိုးများ တည်ဆောက်ဆောင်ရွက်ပြီးစီးမှုနှင့် ရေသိုလှောင်ကန် တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ (၂)လမ်း၊ မြို့သစ်(၁)လမ်း၊ ရွှေဝါထွန်းလမ်း၊ (၂)လမ်းလမ်းသွယ်(၂)နှင့် အမှတ်(၂)ရပ်ကွက်ရှိ ဦးအောင်မင်းလမ်းများ အဆင့်မြှင့်ရန် ကွန်ကရစ်လမ်းချော ခင်းကျင်းနေမှုကိုလည်းကောင်း၊ လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ သရက်မြိုင်လမ်း အဆင့်မြှင့်ရန် ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁) ဒဂုံဆိပ်ကမ်း ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြိုင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လှိုင်သာယာမြို့နယ် ထွန်းသီရိဈေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအခမ်းအနားကို ဩဂုတ် ၁၇ ရက်က ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဌေးလှိုင်၊ ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသား စာရင်းစစ် နှစ်ဦးတို့က တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးတင့်ရှေ့မှောက်တွင် ကတိသစ္စာခံယူကြစဉ်။ (၃၂၉)

ကျေးလက်ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၀

ကယားပြည်နယ် ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦးသည် ဩဂုတ် ၁၀ ရက်က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ပွန်ချောင်းကျေးရွာရှိ ဂါလန် ၂၆၀၀ ဆံ့မိုးရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုနှင့် အသုံးပြုနေမှုကို ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာမြို့များသတ်မှတ်

☆ **ရှေ့ဖုံးမှ**

ပန်ဆန်း(ပန်ခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို စုစည်းပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊

(ခ) စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(ဂ) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(ဃ) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(င) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(စ) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားရန် ပြဋ္ဌာန်းချက်နှင့်အညီ အပိုဒ်(၁)ပါအတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအဖြစ် သတ်မှတ်လိုက်ကြောင်းနှင့် ၎င်းတို့၏ ရုံးစိုက်ရာမြို့များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွက် ဟိုပန်မြို့၊
(ခ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လဟယ်မြို့၊
(ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပင်းတယမြို့၊
(ဃ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ဟိုပုန်းမြို့၊
(င) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် နမ့်ဆန်မြို့၊
(စ) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လောက်ကိုင်မြို့။

အမိန့်အရ

(ပုံ)သီဟသူရတင်အောင်မြင့်ဦး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ခရိုင်နှင့်မြို့နယ်များသတ်မှတ်

✳ **ပြည်ထောင်စုနယ်မြေမှ**

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားရန် ပြဋ္ဌာန်းချက်နှင့်အညီ အောက်ပါခရိုင်နှင့် မြို့နယ်များကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သည်-

(က) **ခရိုင်။** နေပြည်တော်ခရိုင်၊
(ခ) **မြို့နယ်များ**
(၁) ဇေယျာသီရိမြို့နယ်၊
(၂) ဇမ္ဗူသီရိမြို့နယ်၊
(၃) ဒက္ခိဏသီရိမြို့နယ်၊
(၄) ဥတ္တရသီရိမြို့နယ်၊
(၅) ပုဗ္ဗသီရိမြို့နယ်၊
(၆) ပျဉ်းမနားမြို့နယ်၊
(၇) လယ်ဝေးမြို့နယ်၊
(၈) တပ်ကုန်းမြို့နယ်။

အမိန့်အရ

(ပုံ)သီဟသူရတင်အောင်မြင့်ဦး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတကာရှိ Air Line, Hotel & Cruise များတွင် Flight Attendant, Receptionist အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့်သင်တန်း အပတ်စဉ်သစ်ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် Receptionist & Flight Attendant သင်တန်းအပတ်စဉ်အသစ် ကို ဩဂုတ်လနောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ် အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ရပ်ကွက်များသို့ ကွင်းဆင်း၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရပညာပေးပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကြက်ဥကွေကာအုပ်၊ အိုင်အိုဒင်းဆား၊ ဖောရစ်အက်စစ်-ဖျူရာမင်းဘီစီဆေးများကို ထောက်ပံ့ပေးအပ်စဉ်။ (၃၅)

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ Course Guide Line များကို နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course တို့ကိုလည်း Star Resources Hospitality Management Academy တွင် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"အဝိဇ္ဇာနှင့်ဝိဇ္ဇာ" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၅၀	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Ability Software Services Co.,Ltd. မှ စီစဉ်ဖွင့်လှစ်သော ဘဏ်လုပ်ငန်းဆိုင်ရာအထောက်အကူပြုလက်တွေ့သင်တန်းများ မိတ်ဆက်ပွဲ)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၄)**
၈း၄၀	Sports World
၉း၀၅	Activities In the City [ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ]
၉း၁၅	မုံရွာမြို့မှ . . . ဇရိပ်ဆာယာ
၉း၄၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၅	ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ "တိမ်ကြားမိုး"နှစ်ပါးခွင်
၁၁း၀၀	သွားမယ်စားမယ် (JUNCTION ကောင်းသန့် Restaurant)
၁၁း၂၅	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၁း၄၀	ပန်းချီပြခန်း (Riding On The Sea)
၁၁း၅၅	ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၁၂း၀၀	အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၂း၁၅	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂း၄၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁း၀၀	"အဝိဇ္ဇာနှင့်ဝိဇ္ဇာ" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	2010 Summer Youth Olympics
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၄)**
၄း၁၀	ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ "တိမ်ကြားမိုး"နှစ်ပါးခွင်
၄း၂၅	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၄း၄၅	Activities In the City [ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ]
၅း၀၀	မုံရွာမြို့မှ . . . ဇရိပ်ဆာယာ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သွားမယ်စားမယ် (JUNCTION ကောင်းသန့် Restaurant)
၆း၃၅	Talent Show (ကြည်နူးခံစားတူရိယာသံစဉ်များ)
၆း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Ability Software Services Co.,Ltd. မှ စီစဉ်ဖွင့်လှစ်သော ဘဏ်လုပ်ငန်းဆိုင်ရာအထောက်အကူပြုလက်တွေ့သင်တန်းများ မိတ်ဆက်ပွဲ)
၇း၀၅	2010 Summer Youth Olympics
၇း၃၅	ပန်းချီပြခန်း (Riding On The Sea)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League (Stoke City Vs Tottenham)
၁၀း၂၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀း၄၀	Barclays Premier League (Wigan Vs Chelsea)
၁၂း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၄)**
၁း၂၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Arsenal - Blackbool	ESPN(Live)
	Stoke City - Tottenham	STAR SPORTS (Live)
၁၀း၄၀	Wigan - Chelsea	ESPN(Live)
၁၁း၀၀	West Ham - Bolton	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

နိုင်ငံတကာသတင်းများ

ယီမင်အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင် လက်နက်ချ

ဆာနား ဩဂုတ် ၂၀

၂၀၀၂ ခုနှစ်တွင် ပြင်သစ်လောင်စာဆီတင်ယာဉ်တစ်စီးကို ဗုံးဖောက်ခွဲခဲ့ကြောင်း စွပ်စွဲခံထားရသည့်ယီမင်မှ အယ်လ်ခိုင်ဒါ ထိပ်တန်းအဖွဲ့ဝင် တစ်ဦးသည် ယီမင်အစိုးရထံလက်နက်ချခဲ့ကြောင်း ယီမင်တာဝန်ရှိသူများက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ယီမင်သံရုံးမှ ထုတ်ပြန်ချက်အရ ယီမင် အယ်လ်ခိုင်ဒါ ထိပ်တန်းအဖွဲ့ဝင် ဟာဇစ်-အယ်လ်မူဂျာကီသည် ယီမင်အစိုးရ တာဝန်ရှိသူများထံ လက်နက်ချအညံ့ခံခဲ့ကြောင်း ဖော်ပြထားသည်။

အယ်လ်မူဂျာကီသည် ၂၀၀၂ ခုနှစ်အတွင်း ပြင်သစ်လောင်စာဆီတင်ယာဉ် တစ်စီးကို ဗုံးခွဲခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး အကျဉ်းချခံခဲ့ရသည်။ ၎င်းအားပြန်လည် လွှတ်ပေးခဲ့ပြီးနောက် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ပြန်လည်ဆက်သွယ်ခဲ့သည်။

လွန်ခဲ့သည့်နှစ်ကုန်ပိုင်းက ဆာနားမြို့ရှိ အယ်လ်ခိုင်ဒါကလာပ်စည်းတစ်ခုကို ယီမင်တပ်ဖွဲ့များ ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာတွင် အယ်လ်မူဂျာကီ လွတ်မြောက်ခဲ့သည်။

ယီမင်အယ်လ်ခိုင်ဒါအဖွဲ့သည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကာ ၎င်းတို့ကို ချေမှုန်းနိုင်ရန် ယီမင်နိုင်ငံကို ထောက်ပံ့မှုနှင့် လေ့ကျင့်မှုများ အမေရိကန်ပြည်ထောင်စုက လုပ်ဆောင်ပေးလျက်ရှိသည်။ ***အင်တာနက်။***

အာမေးနီးယားနိုင်ငံမှ ရုရှားစစ်စခန်းများ ၂၀၄၄ ခုနှစ်အထိ ထားရှိမည်

မော်စကို ဩဂုတ် ၂၀

ရုရှားနိုင်ငံသည် ကော့ကေးဆပ်ဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သော အာမေးနီးယားနိုင်ငံတွင် တပ်စွဲထားသော စစ်စခန်းများကို ၂၀၄၄ ခုနှစ်အထိ ဆက်လက်ထားရှိနိုင်မည့် သဘောတူ စာချုပ်တစ်ရပ်ကို ဩဂုတ် ၂၀ ရက်က သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရုရှား၏ အမှတ်-၃၆၂ လေတပ်အုပ်စု တပ်စွဲထားသော အာမေးနီးယားနိုင်ငံမှ အီရီဘူနီလေတပ် အခြေစိုက်စခန်း။

အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံက အာမေးနီးယားနိုင်ငံကို လက်နက်များ တပ်ဆင်ပေးရန်နှင့် ၎င်းနိုင်ငံ၏ လုံခြုံရေးကို အာမခံချက်ပေးရန် သဘောတူထားသည်။

အာမေးနီးယားရှိ ရုရှားစစ်စခန်းများကို နောင် ၂၄ နှစ်ကြာအထိ ထပ်မံထားရှိရန် စာချုပ်သက်တမ်း တိုးမြှင့်နိုင်ခြင်းကြောင့် ယင်းစခန်းမှ ဂျက်တိုက်လေယာဉ်များနှင့် ထောင်ပေါင်းများစွာသော တပ်ဖွဲ့များအနေဖြင့် ရုရှားနိုင်ငံ၏ ပြင်ပတွင် အခြေစိုက်၍ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။

သို့ရာတွင် အဆိုပါ သဘောတူညီချက်ကြောင့် အာမေးနီးယား သူပုန်များအရေးနှင့် ပတ်သက်၍ မကျေမလည်ဖြစ်နေသော အာမေးနီးယားနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံများအကြား ဆက်ဆံရေးတင်းမာလာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ရုရှားစစ်စခန်းများ ဆက်လက်ထားရှိခွင့်ပြုသည့် စာချုပ်အရ ရုရှားတပ်ဖွဲ့များအနေဖြင့် အာမေးနီးယန်းနိုင်ငံတွင် ကာလရှည်တပ်စွဲနိုင်ရုံမျှမက ၎င်း၏ ဘူမိနှင့် မဟာဗျူဟာအရ တာဝန်ယူရမည့် အခန်းကဏ္ဍကို တိုးချဲ့ခြင်းလည်းဖြစ်ကြောင်း အာမေးနီးယားသမ္မတက ပြောကြားသည်။ ***အင်တာနက်။***

ရုရှားတောမီးလောင်ကျွမ်းမှု ဒေါ်လာသန်း ၄၀၀ ဖိုးခန့် ဆုံးရှုံးဟုဆို

မော်စကို ဩဂုတ် ၂၀

ရုရှားနိုင်ငံ၌ ယခုနှစ်နွေရာသီတွင် တောမီးလောင်ကျွမ်းမှုကြောင့် ကုန်ကျစရိတ်စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်ရှိခဲ့ကြောင်း ဒေသခံသတင်းဌာနက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

လတ်တလော ခန့်မှန်းချက် ဒေါ်လာ သန်း ၄၀၀သည် မီးလောင်ကျွမ်းမှုကြောင့် ပြန်လည်ဆောက်လုပ်ရသော နေအိမ်များနှင့် လောင်စာဆီ ကုန်ကျစရိတ်များအပြင် မီးငြိမ်းသတ်ရေး ကိစ္စရပ်များတွင်လည်း သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးက ပြောကြားသည်။

နည်းပညာပိုင်းဆိုင်ရာ အားနည်းမှု၊ ပစ္စည်းကိရိယာ တန်ဆာပလာများ မပြည့်စုံမှုနှင့် သတိပေးစနစ် အားနည်းမှုများကြောင့် မီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်ခြင်းဖြစ်ကြောင်း အရေးပေါ် ဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးက ပြောကြားသည်။

ကယ်ဆယ်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းရာဒေသများမှ ဒေသခံ ၄၀၀၀ ကို အန္တရာယ်ကင်းစွာကယ်တင်နိုင်ခဲ့သည်ဟု ဆိုသည်။

ရုရှားနိုင်ငံရှိ ဒေသ ၂၂ ခုတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၃၅၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားလက်နက်ကုန်သည် အမေရိကန်သို့ လွှဲပြောင်းပေးရန် ထိုင်းတရားရုံးဆုံးဖြတ်

ဗန်ကောက် ဩဂုတ် ၂၀

ရုရှားလက်နက်မှောင်ခိုသမားတစ်ဦးကို အမေရိကန်ပြည်ထောင်စုသို့ လွှဲအပ်ရန် ထိုင်းနိုင်ငံ အယူခံတရားရုံးတစ်ရုံးက ဩဂုတ် ၂၀ ရက်တွင် စီရင်ချက်ချခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ၎င်းလက်နက်မှောင်ခိုသမားသည် မရဏကုန်သည်ဟုပင် အမည်ပေးခံရသော ရုရှားလက်နက်ကုန်သည် ဗစ်ခ်တာဘော့ဆိုသူဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ယူဆထားသည်။



ရုရှားနိုင်ငံသား ဗစ်ခ်တာဘော့က ၎င်းအနေဖြင့် အပြစ်ကင်းစင်ကြောင်း အမေရိကန်တရားရုံးရှေ့မှောက်၌ သက်သေပြမည်ဟုဆိုသည်။ ထိုင်းအယူခံတရားရုံးက ရုရှားလက်နက်မှောင်ခိုသမားအား အမေရိကန်နိုင်ငံသို့ လွှဲပြောင်းရန် အချိန်သုံးလ ပေးထားသည်။

အသက် (၄၃) နှစ်အရွယ်ရှိ ဗစ်ခ်တာဘော့သည် ယခင်က ဆိုဗီယက်လေတပ်မှ အရာရှိဟောင်းတစ်ဦးဖြစ်ပြီး နောင်တွင်ကမ္ဘာပေါ်၌ လက်နက်များကို အများဆုံးမှောင်ခိုရောင်းချခဲ့သော လက်နက်ကုန်သည်တစ်ဦးဖြစ်လာသည်ဟုဆိုသည်။ ***အင်တာနက်။***

ရေဘေးဒုက္ခသည်များအတွက် အိန္ဒိယအကူအညီ ပါကစ္စတန်လက်ခံ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၀

ရေဘေးသင့် ဒုက္ခသည်များအတွက် အိန္ဒိယနိုင်ငံက လှူဒါန်းသော ဒေါ်လာငါးသန်းကို ပါကစ္စတန်နိုင်ငံက လက်ခံလိုက်ပြီဖြစ်ရာ ရင်ကြားစေ့၍ မရနိုင်သေးသော နှစ်နိုင်ငံဆက်ဆံရေးအတွက် ကောင်းမွန်သည့် လက္ခဏာတစ်ရပ်ဟု ဆိုနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ အလှူငွေများကို လက်ခံလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယသတင်းဌာနတစ်ခုသို့ ပြောကြားသည်။ ပြေလည်မှုမရှိသော နှစ်နိုင်ငံဆက်ဆံရေး အခြေအနေကြောင့် အိန္ဒိယထံမှ အလှူငွေရယူရန် ပါကစ္စတန်နိုင်ငံက ရက်ပေါင်းများစွာ အချိန်ယူ စဉ်းစားဆုံးဖြတ်ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်က အိန္ဒိယအကူအညီကို လက်ခံခဲ့ခြင်းအား အိန္ဒိယနိုင်ငံခြားရေးရုံးက ဩဂုတ် ၂၀ ရက်တွင် ကြိုဆိုလိုက်သည်။ ***အင်တာနက်။***

ရိုမေးနီးယားဂျစ်ပစီများကို စင်းလုံးငှား လေယာဉ်ဖြင့် နေရင်းအရပ်သို့ ပြန်ပို့

ပါရီ ဩဂုတ် ၂၀

ရိုမားခေါ် ခြေသလုံးအိမ်တိုင် ဂျစ်ပစီအုပ်စုဝင် ၁၀၀ ခန့်ကို ၎င်းတို့၏ နေရင်းအရပ် ရိုမေးနီးယားနိုင်ငံသို့ စင်းလုံးငှားလေယာဉ်ဖြင့် ပြင်သစ်နိုင်ငံမှ နှင်ထုတ်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

ဝေဖန်ခံရ

ယင်းကဲ့သို့ ဂျစ်ပစီအုပ်စုဝင်များကို ပြင်သစ်နိုင်ငံမှ ပြန်လည်နှင်ထုတ်လျက်ရှိရာ ဒုတိယမြောက်နေ့ တိုင်ခဲ့ပြီဖြစ်သည်။ ရိုမားများကို နှင်ထုတ်ရန် ဆုံးဖြတ်ခဲ့သော ပြင်သစ်အစိုးရသည်လည်း အကြီးအကျယ် ဝေဖန်ခံခဲ့ရသည်။

ဂျစ်ပစီအုပ်စုဝင်များကို တင်ဆောင်သွားသော လေယာဉ်၏ ခရီးစဉ်သည် ရိုမေးနီးယားနိုင်ငံ အနောက်ပိုင်း တီမိုဆောရာမြို့၌ အဆုံးသတ်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နှင်ထုတ်နိုင်မည်

တရားဥပဒေကို လေးစားမှုမရှိသောကြောင့် ပြင်သစ်နိုင်ငံတွင်းရှိ ဂျစ်ပစီများကို နှိမ်နင်းရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ပြီးခဲ့သည့် ဇူလိုင်လက ကြေညာခဲ့သည်။ ယင်းကြေညာချက်အရ ရိုမားတစ်ဦးအနေဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်စွမ်းရှိကြောင်း သက်သေမပြနိုင်ပါက ၎င်းကို ပြင်သစ်နိုင်ငံမှ နှင်ထုတ်နိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

ဝက်ဝံများစောင့်ကြပ်သော ဆေးခြောက်စိုက်ခင်း ကနေဒါရဲတပ်ဖွဲ့စီးနင်း

တိုရွန်တို ဩဂုတ် ၂၀

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ တရားမဝင်စိုက်ပျိုးထားသော ဆေးခြောက်စိုက်ခင်း တစ်ခုကို ကနေဒါရဲတပ်ဖွဲ့က စီးနင်းခဲ့ရာ ယင်းဆေးခြောက်စိုက်ခင်းတွင် ဝက်ဝံများကို အစောင့်အကြပ်သဖွယ် ထားရှိခြင်းကို တွေ့ရှိခဲ့ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆေးခြောက်စိုက်ခင်းအတွင်း ဝက်ဝံ ၁၃ကောင်ခန့်ကို တွေ့ရှိခဲ့ခြင်းကြောင့် ကနေဒါရဲတပ်ဖွဲ့ဝင်များမှာ အံ့ဩထိတ်လန့်ခဲ့ရသော်လည်း ယင်းဝက်ဝံများက ရန်ပြုခြင်းမရှိခဲ့ပေ။ ၎င်းတို့ကို အလွယ်တကူထိန်းသိမ်းနိုင်ခဲ့ပြီး လူနှင့် ယဉ်ပါးပုံရသည့် သတ္တဝါများဖြစ်ကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားသည်။

ဗြိတိသျှ ကိုလံဘီယာပြည်နယ်ရှိ အဆိုပါဆေးခြောက်စိုက်ခင်းထဲသို့ ဝက်ဝံများ လာရောက်နေစေရန် ခွေးစာများဖြင့် မျှားခေါ်ထားခြင်းဖြစ်နိုင်ကြောင်း ကနေဒါ ရဲတပ်ဖွဲ့က ယူဆထားသည်။ လူ့ပတ်ဝန်းကျင်နှင့် ယဉ်ပါးမှုရှိပါက ယင်းဝက်ဝံများကို ဆက်လက်ထိန်းသိမ်းထားရဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဆေးခြောက်စိုက်ခင်း စီးနင်းမှုတွင် လူနှစ်ဦးကို ကနေဒါရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့သည်။ ***အင်တာနက်။***

ဆေးခြောက်စိုက်ခင်းအတွင်း တွေ့ရှိရသော ဝက်ဝံများ။



ရေတိုက်စားခံရပြီး ပြိုကျသွားသော တံတားပေါ်တွင် တင်ရှိနေသည့် ရထားတွဲကို တွေ့ရစဉ်။

တရုတ်အနောက်တောင်ပိုင်း၌ ရထားတွဲနှစ်တွဲ မြစ်ထဲသို့ကျ

ပေကျင်း ဩဂုတ် ၁၉

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တံတားတစ်စင်းကို ကြာသပတေးနေ့က ရေလွှမ်းသွားပြီးနောက် ခရီးသည်တင်ရထားတစ်စင်း၏ တွဲနှစ်တွဲသည် မြစ်ထဲသို့ ထိုးကျခဲ့ကြောင်း၊ ခရီးသည်များအားလုံး အသက်ဆုံးရှုံးခြင်းမရှိအောင် ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသည်။

စီချွမ်ပြည်နယ် ချန်တူမြို့မှ မြောက်ဘက် မိုင် ၃၀ ခန့် အကွာ ရှီကွမ်ဟန်မြို့တွင် ရှီတန်ကျန်းတံတား၏ လေညှင်းခံတံတားအဆွယ်သည် ရေလွှမ်းကာ ခိုင်ခံ့မှုမရှိတော့သည့်အတွက် နံနက် ၃ နာရီတွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တွဲများအတွင်းမှ ခရီးသည်အားလုံးကို ၁၀ မိနစ်အတွင်း အန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့သည်။ တွဲနှစ်တွဲမှာ တစ်တွဲနှင့်တစ်တွဲ ဘေးချင်းကပ်ချိတ်ဆက်ထားသည့် အနေအထားဖြစ်နေခဲ့သည်။

ခရီးသည်များကို ကယ်တင်ပြီးနောက် တွဲနှစ်တွဲသည် ရေစီးကြောင်းအတိုင်း မျောပါသွားပြီး အခြားတံတားတစ်စင်း၏ အုတ်မြစ်ခံနေသောကြောင့် ရှေ့ဆက်မမျောနိုင်ဘဲ နစ်မြုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းရထားသည် ရှန်းစီပြည်နယ် အနောက်မြောက်ပိုင်း စီအန်းမြို့မှ ယူနန်ပြည်နယ် အနောက်တောင်ပိုင်း ကူမင်းမြို့သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ အဋ္ဌမအကြိမ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဋ္ဌမအကြိမ် နှစ်ပတ်လည်စည်းဝေး

အထွက်နှုန်းကောင်းသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

လူသိနည်းနှင့် လူသုံးနည်း သစ်မျိုးများ အသုံးချနိုင်ရန် ထုတ်ဖော်အသိပေး

နေပြည်တော် ဩဂုတ် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ကဏ္ဍအလိုက် စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေးကဏ္ဍ ခိုင်မာတောင့်တင်းရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် အခြေခံအကျဆုံးဖြစ်သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတွင် တစ်နိုင်ငံလုံး ထုတ်ကုန်တန်ဖိုး (GDP)၏ ၄၂ ရာခိုင်နှုန်းကို ဤကဏ္ဍ(၃)ရပ်က ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

သီးနှံစုံစိုက်နိုင်

မြန်မာနိုင်ငံသည် သီးနှံစုံစိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ရေမြေအခြေခံကောင်းများ ပိုင်ဆိုင်ထားကြောင်း၊ စိုက်ပျိုးနိုင်သည့်မြေဧရိယာ ဧက ၄၄ သန်း ကျော်ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေဧက ၃၃ သန်းကျော်၌ သီးထပ်သီးညှပ်အပါအဝင် စုစုပေါင်း သီးနှံဧရိယာသည် ဧက ၅၇ သန်းကျော် ရှိကြောင်း၊ သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်း များစွာရှိသော မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်သည့် အရည်အသွေးကောင်း ဆန်စပါး၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ ငွေချည်-၆ စသည့် စိုက်ပျိုးသီးနှံများ ထုတ်လုပ်နိုင်ရေးကို ဦးတည်ပြီး အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

အကျိုးဖြစ်ထွန်း

စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဧရိယာများ တိုးချဲ့စိုက်ပျိုးသည့်အပြင် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ဘေးအန္တရာယ်ကင်းရှင်းသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတွင် ဩဂဲနစ်စိုက်ပျိုးရေးသည် လူနှင့်သတ္တဝါများ အန္တရာယ်မဖြစ်စေရေး၊ အစားအစာ လုံခြုံစိတ်ချရရေး၊ ဘေးကင်းရေး (Food Safety)နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးတို့အတွက် အားထားရသည့် ဆောင်ရွက်မှုဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကင်းသည့် ဩဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်များသည် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ သုံးစွဲပြီး စိုက်ပျိုးထုတ်လုပ်သည့် ထွက်ကုန်များထက် စားသုံးသူများက ပိုမိုမက်မောလာကြသဖြင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင် အကျိုးဖြစ်ထွန်းမှုများ တွေ့မြင်ရကြောင်း။

ယနေ့ကမ္ဘာတွင် ရေပန်းစားလာသော နည်းပညာသစ်တစ်ရပ်ဖြစ်သည့် နာနိုနည်းပညာသည် မျိုးရိုးဗီဇပြုပြင်ခြင်း၊ သီးနှံအတွက် သွင်းအားစုနှင့် မြေဩဇာများကို တိကျစွာထည့်သွင်းနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုကို စောစီးစွာ သိရှိနိုင်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးပိုင်းတွင် အသုံးပြုနိုင်ခြင်း၊ တာရှည်ခံ ထုပ်ပိုးစနစ်များတွင် အသုံးချနိုင်ခြင်း စသည့် အရည်အသွေးများရှိသဖြင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်မှု အဆင့်များတွင် ဤနည်းပညာကို အသုံးချနိုင်မည်ဖြစ်ကြောင်း။

သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ဇီဝမျိုးစုံမျိုးကွဲများ နည်းပါးသွားခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် မျိုးသုဉ်းခြင်းတို့မှ ကာကွယ်ရေးအတွက် ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ အမျိုးသားဥယျာဉ်များ သတ်မှတ်တည်ထောင်ပေးခြင်း၊ ဘေးမဲ့တောများ သတ်မှတ်ကာကွယ်ခြင်း၊ သစ်တောသယံဇာတများ စနစ်တကျ စီမံအုပ်ချုပ်ခြင်း စသည့် လုပ်ငန်းများကို သစ်တောရေးရာဝန်ကြီးဌာနက အစီအမံများချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာ့အဖိုးတန်သစ်များကို ထိန်းသိမ်းထုတ်လုပ် အသုံးချရာ၌ လူသိနည်းနှင့် လူသုံးနည်း သစ်မျိုးများ အသုံးချနိုင်ရန် ထုတ်ဖော်အသိပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ် တည်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေးတို့အတွက် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များမှာ ပိုမိုတိုးတက်လာနေသော နည်းပညာများကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် လေ့လာမှုနှင့် သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် သားငါးများ မွေးမြူထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်များ ထုတ်ဖော်ဖြန့်ဖြူးရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်ဖွံ့ဖြိုးရေးတို့သည် အရေးကြီးသော လုပ်ငန်းများဖြစ်ကြောင်း၊ ရရှိလာသော ထွက်ကုန်များကိုလည်း စနစ်တကျ ပြုပြင်ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးရေးတို့ကို အလေးထားဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်ပမျိုးများကို အားကိုးမည့်အစား ပြည်တွင်းက မျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်ပြီး ရရှိလာသည့် မျိုးကောင်းမျိုးသန့်များကို မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ရာသီဥတု၊ အစာအာဟာရတို့နှင့် သဟဇာတဖြစ်စေသော နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။

နိုင်ငံ၏ ကျေးလက်ဒေသနေ တောင်သူလယ်သမားများသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း၊ တောင်သူလယ်သမားများ မွေးမြူရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်သွားနိုင်ရန် မျိုးကောင်းမျိုးသန့်ရွေးချယ်မှုစနစ်၊ ခေတ်မီမွေးမြူနည်းစနစ်၊ အာဟာရပြည့်စုံသည့် အစာကျွေးမွေးမှု စနစ်နှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်မှု စနစ်များဖြင့် ကျေးလက်ဒေသမွေးမြူရေး လုပ်ငန်းများ ပေါ်ထွန်း လာရန် ပညာပေးဆောင်ရွက်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ဆက်လက်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် နိုင်ငံသားတိုင်းက မိမိတို့ကျရာ အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသကဲ့သို့ ပညာရှင်များကလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်အကျိုး ဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေမည့် သိပ္ပံနည်းပညာများဖွံ့ဖြိုးရေး၊ အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာရေးနှင့် မိမိတို့၏ ပညာရပ်များကို အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်ရေးကို အရှိန်မပျက် ဆက်လက်ကြိုးပမ်းကြပါဟု တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဝန်ကြီးရုံး မြေညီထပ်၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် အထိမ်းအမှတ်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ဆက်လက် ကျင်းပရာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရှင်အဖွဲ့၏ အဋ္ဌမအကြိမ် နှစ်ပတ်လည် အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြရာ စိုက်ပျိုးရေးကဏ္ဍအစီရင်ခံစာတမ်းကို ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် (စိုက်ပျိုးရေးကဏ္ဍ) ဒေါက်တာထွန်းဆိုင်၊ သစ်တောကဏ္ဍ အစီရင်ခံစာတမ်းကို ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (သစ်တောကဏ္ဍ) ဒေါက်တာဉာဏ်ထွန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍအစီရင်ခံစာတမ်းကို ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် (မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ) ဒေါက်တာမင်းစိုးတို့က ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အဋ္ဌမအကြိမ် နှစ်ပတ်လည် အစည်းအဝေး၏ ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများကို နေပြည်တော်ရေဆင်းရှိ သတ်မှတ်နေရာများ၌ ကျင်းပရာ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ စာတမ်းများကို သက်ဆိုင်ရာပညာရှင်များက ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကျင်းပမည်

ယင်းစာတမ်းဖတ်ပွဲကို ဩဂုတ် ၂၁ ရက်တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာကြသော ပညာရှင်များအား သစ်တောရေးရာဝန်ကြီးဌာနက နေပြည်တော်ရေဆင်းရှိ သစ်တောတက္ကသိုလ်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခြင်ဆေးခွေအသုံးပြုကြသော ပြည်သူများအတွက် သတိပေးထုတ်ပြန်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နည်းလမ်းမျိုးစုံဖြင့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချနေသော ခြင်ဆေးခွေအချို့မှာ တရားဝင်ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

မြန်မာနိုင်ငံပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်လည်း တရားဝင်မှတ်ပုံတင်ခွင့်ပြုချက် ရယူထားခြင်း မရှိပါ။ ယင်းခြင်ဆေးခွေများတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုပမာဏမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှုပမာဏထက် ပိုမိုပါဝင်နေပါသဖြင့် အသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

သို့ပါ၍ အဆိုပါခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများကို တင်သွင်းခြင်း၊ရောင်းချခြင်းတို့ကို တားဆီးအရေးယူခြင်းနှင့် သိမ်းဆည်းမှုပြုလုပ်ရန် (၁၈) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေး၌ ဆုံးဖြတ်ထားကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပဲခူးတိုင်း ထန်းတပင်မြို့ သန့်ရှင်းသာယာလှပရေးစီမံချက်အရ မြို့တွင်း လမ်းမကြီးဖြစ်သော ထန်းတပင်-တပြေးလမ်းမကြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက် မြို့သန့်ရှင်းရေးဆောင်ရွက်မှု၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ဇူလိုင် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

သွားတုများအကြောင်း သိကောင်းစရာများ

ဒေါက်တာ မိုလာ

သွားတုကို အသုံးပြုသူများ များပြားလာပြီဖြစ်၍ သွားတု၏ သက်တမ်းရှည်ရန်နှင့် မွေးရာပါသွား၏ ကျန်းမာရေးပိုမိုကောင်းမွန်စေရန် သိသင့်သောအချက်များကို နားလည်ရန် လိုလာသည်။ ယခင်က သွားအားလုံးမရှိသော အခြေအနေရောက်မှ သွားတုကို တပ်ဆင်ကြပါသည်။ ယခုအခါ ပျက်စီးနေသော သွားများနှင့် နုတ်သောသွားနေရာများအတွက် အစားထိုးသွားတုများကို အသုံးပြုလာသည်ဖြစ်ရာ သွားတုအကြောင်းကို နားလည်ခြင်းဖြင့် သွားအစစ်ကျန်းမာရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ဟမ်မူရာဘီ(Hammurabi) ဥပဒေတွင် သွားတစ်ချောင်း၊ (A tooth for a tooth)ပြန်အစားထိုး ပေးလျော်မည်ဟု ပြဋ္ဌာန်းခဲ့ဖူးရာ သွား၏တန်ဖိုးကြီးမားပုံကို ရှေးကပင် သိရှိခဲ့ကြောင်း သတိထားမိသည်။ သွား၏အသုံးဝင်ပုံတွင် သွားသည် လူတစ်ယောက်အတွက် မျက်နှာအချိုးအစား၊ ဥပမိနှင့် အလှအပကို ဖော်ပြပေးသည်။ သွား၏အနေအထားကြောင့် မျက်နှာ၏ပုံပန်းသဏ္ဌာန်ကို ပြောင်းလဲသွားစေနိုင်သည်။ သွားလှ၍ မျက်နှာလှပြီး သွားကောင်း၍ ပါးဖောင်းနိုင်ပါသည်။



ဂျော့ဝါရှင်တန်၏ အံကပ်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်မှ မြန်မာပြည်သို့ ပြန်လာစဉ် သွားတုတပ်ပြီး ရုပ်ဖျက်၍ တိတ်တဆိတ် ဝင်လာခဲ့ရသည်ဟု ဖတ်ရပါသည်။ သွားတုကြောင့် မျက်နှာပုံသဏ္ဌာန် ပြောင်းလဲပါသည်။

အမေရိကန်သမ္မတ ဂျော့ဝါရှင်တန်သည် သွားများမကောင်းခဲ့ပါ။ သမ္မတကြီး တပ်ဆင်ထားသော အံကပ်သည် အချိုးမကျ၊ နည်းပညာမမီသည့် အံကပ်ဖြစ်၍ ပန်းချီဆရာသည် ပန်းချီဆွဲ မှတ်တမ်းတင်သောအခါ အခက်အခဲများ တွေ့ခဲ့သည်။ အံကပ်မတပ်သောအခါ ပါးစပ်ထဲ ဂွမ်းကိုထည့်၍ ပါးချိုင့်ခြင်းကို ပါးဖောင်းစေရန် ပုံဖော်ခဲ့ရပါသည်။

ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီသည်လည်း သွားမကောင်း၍ အံကပ်ကိုသာ အသုံးပြုခဲ့သည်။ အံကပ်၏ အဆင်မပြေမှုကြောင့် ချာချီ၏ မပီကလာပီကလာ မိန့်ခွန်းများသည် နာမည်တွင်ခဲ့ပါသည်။ သွားသည် အသံကို ပီသစေနိုင်ပါသည်။ ချာချီ သည် အက်စ်(S)အသံကို ပီသစွာ မရွတ်ဆိုနိုင်ခဲ့ပါ။ ချာချီ၏ အောက်အံကပ်သည် သေဆုံးစဉ် ခန္ဓာကိုယ်နှင့်အတူ ပါသွားခဲ့သည်။ အပေါ်အံကပ်သည် ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့က လေလံတင်ရောင်းချရာ ဒေါ်လာ ၂၄၅၀၀ ရရှိခဲ့သဖြင့် ထင်ရှားသော သွားတု၏တန်ဖိုးအဖြစ် သတင်းကြီးခဲ့သည်။ ရောင်းချသူမှာ ချာချီအား အံကပ် ပြုလုပ်ပေးသူ၏သား ဖြစ်သည်။

သိပ္ပံပညာရှင် အိုက်စက်နယူတန် (Issac Newton)၏ သွားကို ရောင်းချခဲ့ရာ ယခု ပေါက်ဈေးအရ ဒေါ်လာ ၃၅၀၀၀ ရရှိခဲ့သည်ဟု ဆိုသည်။ မှတ်သားအံ့သြဖွယ်ရာ သွား၏ တန်ဖိုးမြင့်ဈေးနှုန်းများ ဖြစ်ပါသည်။ သွားနုတ်လိုက်ရသော အဓိက အကြောင်းရင်းများမှာ နာခြင်း၊ ကိုက်ခြင်းဝေဒနာကို မခံစားနိုင်လွန်း၍သာ ဖြစ်သည်။ သွား၏ ကြိတ်ဝါးအားသည် ပုံမှန်အနေအထားတွင် ဘယ်ညာမျှတစွာ ကြိတ်ဝါးပေးရသည်။ သွားနုတ်ထားပြီးနောက် သွားတုမတပ်ဆင်ထားသူများ ရှိနေသည်။ ပြန်လည်အစားမထိုးထားသူများတွင် ကြိတ်ဝါးအား မညီမညာ ဖြစ်ပေါ်နိုင်ပါသည်။ သဘာဝတရားသည် ပြည့်စုံအောင် ဖန်တီးပေးထားသော်လည်း ရောဂါကြောင့် သွားဆုံးရှုံးလာသောအခါ ပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်ပေါ်လာပါသည်။ နုတ်ထားသောသွား၏ အနီးအနားရှိ သွားများယိုင်ခြင်း၊ အစာညပ်ခြင်း၊ သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်း၊ မျက်နှာချင်းဆိုင်သွားများ ရှည်ထွက်ခြင်း၊ မေးရိုးအနေအထား ပြောင်းလဲခြင်း၊ မျက်နှာပုံသဏ္ဌာန်ပြောင်းလဲခြင်းများသည် သွားမရှိသောသူများ၏ နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်သည်။ သွားမစိုက်သော ဆိုးကျိုးသာရှိ၍ သွားစိုက်သော ဆိုးကျိုးမရှိပါ။ သွားတု၏ နည်းပညာ၊ ပစ္စည်းအမျိုးအစား၊ စနစ်မှန်မှုနှင့်အသုံးပြုသူ၏ သန့်ရှင်းမှုနှင့် စဉ်ဆက်မပြတ် စစ်ဆေးခံယူမှုအပေါ် တည်နေပါသည်။

ပါးစပ်ထဲတွင် အသုံးပြုလာကြသော သွားတုအနေအထား သုံးမျိုးရှိသည်။ ပထမတစ်မျိုးသည် အသုံးပြုနိုင်သောသွားကို ပိုမိုမပျက်စီးစေရန် မနုတ်ရစေရန် ထိုသွားပေါ်တွင် လည်းကောင်း၊ သို့မဟုတ် သွားမြစ်တွင်းတိုင်ထည့်၍လည်းကောင်း သွားကို ကာကွယ်ပေးထားသော သွားစွပ်ဖြစ်သည်။ ထိုနည်းတူပင် နုတ်ထားသော သွားရှိနေပါကလည်း အနီးအနားရှိ သွားနှစ်ချောင်း၏ အားကိုယူ၍ တံတားခင်းသကဲ့သို့ ချွတ်၍မရအောင် စွပ်ယူသောနည်း ဖြစ်သည်။ တစ်ချောင်းနုတ်ထား၍ ပြန်စွပ်ခဲ့လျှင် သွားသုံးချောင်းအတု ဖြစ်နေပါသည်။ သွားတု၏အမျိုးအစားများသည် သတ္တုအရောင်နှင့် မူလသွားအရောင် (ကြွေသွား)နှစ်မျိုးဖြင့် ပြုလုပ်ပါသည်။ ဤနည်းများသည် တပ်ဆင်ပြီးလျှင် မိမိဘာသာ ပြန်လည်ဖြုတ်ယူ၍ မရနိုင်သောနည်းဖြစ်သည်။

ဒုတိယအမျိုးအစားသွားတုသည် နုတ်ထားသော တစ်ချောင်း သို့မဟုတ် အားလုံးသွားနေရာတွင် ပြန်လည်အစားထိုးသော သွားတုဖြစ်သည်။ ဖြုတ်ရလွယ်၊ တပ်ရလွယ်သော သွားတုဖြစ်ပြီး အံကပ်ဟု ခေါ်ပါသည်။ သွားဘက်ဆိုင်ရာ ဆေးပညာအရ မိမိသွားများ ကျန်းမာစေရန်အတွက် အသုံးပြုသင့်သော နည်းဖြစ်သည်။ သို့သော်လည်း အသုံးပြုသူ အများစုသည် ဖြုတ်ရ၊ တပ်ရ အလုပ်ရှုပ်သည်ဟူသော ယူဆချက်ကြောင့် ပထမနည်းကိုသာ ဦးစားပေးရွေးချယ်ခဲ့ကြပါသည်။ သွားတုအမျိုးအစားကို ပလတ်စတစ်နှင့် လည်းကောင်း၊ သတ္တုနှင့် လည်းကောင်း ပြုလုပ်ကြသည်။ သတ္တုအံကပ်သည် ပလတ်စတစ်အံကပ်ထက် ပို၍ကြိတ်ဝါးအားနှင့် သွားကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်သည်။

တတိယအမျိုးအစားသည် နောက်ဆုံးပေါ်နည်းပညာဖြစ်ပြီး နုတ်ထားသောသွားနေရာ၌ မေးရိုးတွင်းဝက်အူစုပ်ထည့်၍ မူလသွားနှင့် အနီးစပ်ဆုံး တူညီအောင်ပြုလုပ်ပြီး တပ်ဆင်ခြင်း ဖြစ်သည်။ (Implant Dentistry) မေးရိုးတွင်း ဝက်အူစုပ်သွားစိုက်ခြင်း နည်းပညာသည် နောက်ပိုင်းတွင် တွင်ကျယ်စွာအသုံးပြုလာနိုင်သော

ဝင်စတန်ချာချီ၏ အံကပ်။

စနစ်တစ်ခု ဖြစ်သည်။ မိမိသွားများ မဆုံးရှုံးရသော နည်းပညာဖြစ်သည်။ နည်းပညာ၊ ကိရိယာ၊ သန့်ရှင်းမှုနှင့် ကုန်ကျမှုပိုင်းဆိုင်ရာများတွင် ခက်ခဲမြင့်မားနေပါသေးသည်။ သွားစိုက်သည်ဟူသော ဝေါဟာရသည် ယခုနည်းဖြင့် သင့်လျော်သော အခေါ်အဝေါ်ဖြစ်သည်။

ရှေးယခင်က တခြားသောသူ၏ သွားကိုနုတ်ပြီး နုတ်ထားသော လူနာရှင်၏ ပါးစပ်တွင်း ပြောင်းရွှေ့ထည့်ခြင်းများ ရှိခဲ့ပါသည်။ ဆင်းရဲသောသူများသည် သွားကို ရောင်းချခြင်းများ ရှေးယခင်က ရှိခဲ့ဖူးပါသည်။ ရွှေသွားကဲ့သို့ သွားမရှိသူများသည် သွားတုကို အမြန်လိုချင်ကြပါသည်။ အမှန်စင်စစ် သွား၏တန်ဖိုးကို သွားမရှိသောသူများသာ သိရှိကြပါသည်။ အတုသည် အတုဖြစ်၍ အစစ်သည် အစစ်သာဖြစ်ပါသည်။ ကြိတ်ဝါးအား၏ အရသာသည် ပြောပြမရနိုင်သော ခံစားချက်ဖြစ်ပါသည်။

သွားတုအသုံးပြုသူများ လိုက်နာရန်အချက်များ

ပထမ တစ်မျိုးဖြစ်သော သွားပေါ်တွင်အခြေခံ၍ စွပ်ရသော သွားတုများသည် သွားတု၏အမျိုးအစား၊ အထူအပါး၊ အသုံးပြုသည့်ကာလ၊ ကြိတ်ဝါးအား၊ စားရသောအစားအစာပေါ်တွင် မူတည်ပြီး ကွဲခြင်း၊ ကားခြင်း၊ ပေါက်ခြင်း၊ ကျိုးခြင်း၊ အရည်ဝင်ခြင်း၊ ကျွတ်ခြင်း၊ ချောင်ခြင်း၊ လှုပ်ခြင်းရှိနိုင်ပါသည်။ သွားတုများမှ အပေါက်ကွဲများသည် လျှာနှင့်ပါးတို့ကို ရှတတ်ပါသည်။ ကြာရှည်စွာ ထိတွေ့ပွတ်တိုက်ရာမှ အနာဖြစ်ပြီး ကင်ဆာဖြစ်တတ်ပါသည်။ ပျက်စီးသွားသော သွားတုများကြောင့် အတွင်းထဲရှိ ကောင်းမွန်သောသွားသည် ပျက်စီးသောသွား ဖြစ်လာနိုင်သည်။

သွားတုရှိနေသောသူသည် မူလသွားထက်ပို၍ ဂရုစိုက်သင့်ပါသည်။ သွားတု၏ ဖွဲ့စည်းပုံနှင့် အနေအထား တည်ရှိပုံများသည် သွားအစစ်ကဲ့သို့ မဟုတ်ပါ။ သွားကြိုသွားကြားများ၌ အစာညပ်လွယ်ပါသည်။ ကျန်ရှိနေသောသွား၏ တန်ဖိုးနှင့်ကျန်းမာရေးကို ဦးစားပေးရန်အတွက် ပျက်စီးသည်ကို သိလျှင်သိချင်း ပြန်လဲလှယ်ပေးရပါသည်။ လူ့တစ်သက် သွားတုတစ်သက် မရနိုင်ပါ။ လူသည် သက်ရှိဖြစ်၍ သွားတုသည် သက်မဲ့ပစ္စည်း ဖြစ်ပါသည်။ အမြဲတမ်း ပုံသေထားပြီး မသုံးရပါ။ ခန္ဓာကိုယ်ပြောင်းလဲမှုသည် အချိန်နှင့်အမျှ ရှိနေသည်။ သွားတု၏ပြောင်းလဲမှုသည် ခန္ဓာကိုယ်ပြောင်းလဲမှုတိုင်း လိုက်လျောညီစွာ ရှိမနေပါ။ ထို့ကြောင့် သွားတု၏သက်တမ်းထက် မူလသွား၏ သက်တမ်းရှည်စေရေးအတွက် ခြောက်လတစ်ကြိမ် စစ်ဆေးမှု ခံယူပေးရပါမည်။

ဒုတိယအမျိုးအစားဖြစ်သော အံကပ်တပ်သူများတွင် သွားမရှိသော အခြေအနေ သုံးရသောအံကပ်နှင့် သွားကျန်တွင်သုံးရသော အံကပ်ဟူ၍ နှစ်မျိုး ရှိနိုင်ပါသည်။ သွားလုံးဝမရှိသောအံကပ်သည် သွားကျန်မရှိ၍ သွားပျက်စီးရန် လုံးဝမရှိပါ။ အောက်တွင်ရှိနေသော မေးရိုး၏ကျန်းမာရေး ကောင်းမွန်ရန် လိုအပ်ပါသည်။ သွားကျန်များတွင် သုံးရသော အံကပ်သည် အစာကပ်လွယ်ခြင်းများ ရှိပါသည်။ အံကပ်ကိုစနစ်မှန်၊ ပုံစံမှန် အသုံးပြုမှုဖြစ်လျှင် ပုံမှန်သန့်ရှင်းရေး ပြုလုပ်သူတွင် ကျန်ရှိနေသောသွားများ ပျက်စီးရန် နည်းပါသည်။

အံကပ်အသုံးပြုသူများ ပုံမှန်အနေအထားသို့ရောက်ရှိပြီဆိုလျှင် ရှစ်နာရီခန့်သာ အသုံးပြုသင့်ပါသည်။ အနားယူခြင်းနှင့် အိပ်နေသော အချိန်တွင် ချွတ်ထားသင့်သည်။

အစားအစာကို စားရသောအခါ ရှေ့သွားကို ဦးစားပေးမသုံးရပါ။ နောက်ဘက်အံသွားနေရာ၌ ဘယ်ညာနှစ်ဖက် အချိုးညီညာစွာ ဝါးပေးရပါမည်။

ချွတ်ထားသောအချိန်တွင် သွားဖုံးသားများ၏ သွေးလည်ပတ်မှု ကောင်းမွန်လာစေရန် သွားဖုံးသားများကို လက်ဖြင့် နှိပ်နယ်ပေးခြင်း၊ ဖိပေးခြင်းဖြင့် လှုံ့ဆော်ပေးရပါမည်။

အံကပ်ကို အစာစားပြီးတိုင်း သန့်ရှင်းပေးရပါမည်။ သန့်ရှင်းမှု ပြုလုပ်သောအခါ သွားပွတ်တံ၊ ဆပ်ပြာ၊ ရိုးရိုးရေ (မပူသောရေ)ကို အသုံးပြုရပါမည်။ ကြမ်းတမ်းစွာ မပွတ်တိုက်ရပါ။ အံကပ်ကို ဆေးသောအခါ ခွက်တစ်ခုတွင်ရေထည့်၍ အောက်မှခံထားပြီး ဆေးလျှင် လွတ်ကျသောအခါ မကျိုးပဲ့နိုင်ပါ။

အံကပ်တပ်ဆင်ထားသူများသည် အလွန်မာသော အစာ (ကွမ်းသီး၊ ပဲလှော်၊ အရိုးနှင့်) အလွန်စေးကပ်သော အစာ (ကောက်ညှင်း၊ ပီကေ)တို့ကို မစားသင့်ပါ။

အံကပ်အဟောင်းရှိသူသည် အံကပ်အသစ် ပြုလုပ်ပါက မူလအံကပ်အဟောင်းကို လုံးဝပြန်တပ်ဆင်ခြင်း မပြုလုပ်ရပါ။ အံကပ်အသစ်ကိုသာ တပ်ဆင်ရပါမည်။

အံကပ်အသုံးမပြုသည့်အချိန်၌ ရေထည့်ထားသော အဝကျယ် ပုလင်းထဲတွင် အံကပ်ထည့်ပြီး အဖုံးဖုံးထားပေးပါ။ နောက်တစ်ကြိမ် ထိုရေကို ပြန်မသုံးရပါ။

အံကပ်ကိုအသုံးပြုသူများ ငါးနှစ်ကြာရှိနေပါက အံကပ်အသစ် ပြန်လဲလှယ်ပေးရပါမည်။

တတိယအမျိုးအစားဖြစ်သော မေးရိုးတွင်း၏ ဝက်အူစွပ်သွားတုကို ပုံမှန်ဂရုစိုက်သည်ထက်ပင် ပို၍အလေးထားရပါမည်။ သွားအစစ်တွင် သွားနှင့်မေးရိုးကြားဆက်သွယ်နေသော သွားမြစ်ဝန်းပါတ် တွယ်ဆက်တစ်သျှူးပါရှိသော်လည်း မေးရိုးတွင်း ဝက်အူစုပ်တွင် မပါရှိပါ။ လွန်စွာမာသောအစားအစာများကို အသုံးမပြုရပါ။ ခံတွင်းသန့်ရှင်းမှုနှင့် ကြိတ်ဝါးအားပေါ်မူတည်၍ သွားတု၏သက်တမ်းကို ပိုရှည်စေနိုင်ပါသည်။

သွားများ၏ ကြိတ်ဝါးအားများတွင် မွေးရာပါသွား၏ ကြိတ်ဝါးမှုသည် ပေါင် ၁၅၀ ရှိလျှင် ပထမအမျိုးအစား သွားတုသည် မူရင်းသွား၏ သုံးပုံတစ်ပုံသာ ဝါးနိုင်ပြီး ဒုတိယ အမျိုးအစား သွားတုအံကပ်သည် မူလသွား၏ ရှစ်ပုံတစ်ပုံခန့်သာ ကြိတ်ဝါးနိုင်ပါသည်။ မည်သို့သုံးသုံး မူလသွားသည် အကောင်းဆုံးဖြစ်၍ သွားရှိသူများအတွက် **"သွားရှိလျှင် သွားတိုက်ပါ"** သွားမရှိသူများအတွက် **"သွားမရှိလျှင် သွားစိုက်ပါ"** ဟူသော ဆောင်ပုဒ်နှင့်အညီ လိုက်နာလျှင် သွားကောင်း၍ စားကောင်း၊ စားကောင်း၍ ပါးဖောင်းပြီးသွားလှ၍ ပါးလှမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

News Watch (စောင့်ကြည့်) ဂျာနယ်အတွဲ(၆)၊ အမှတ်(၆) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၀

ကိုရီးယားနိုင်ငံသို့ အလုပ်လုပ်လိုသူများအတွက် အရည်အချင်းစစ်စာမေးပွဲ Eps စနစ်ပြန်လည်ဖြေဆိုရမည်၊ ကျောက်မျက်ကိုးပါးပါရုံနှင့် နဝရတ်ကိုးပါး မဖြစ်နိုင်ဟုဆို၊ နယ်စပ်ထွက်ပေါက်များမှ လေးလအတွင်း ရေထွက်ကုန်ပစ္စည်းကန်ဒေါ်လာသန်း ၂၀၀ ကျော်တင်ပို့၊ ကားဈေးကွက်အတွင်း အခွန်ဆောင်ပြီးသော ၄၇/----များ အရောင်းသွက်နေ၊ မင်္ဂလာဈေးပြန်ဖွင့်မည့်ရက် ကောလာဟလများထွက်ပေါ်နေ၊ မြန်မာနိုင်ငံ လူ့အခွင့်ရေးဆိုင်ရာ အစီရင်ခံစာပထမမူကြမ်း ပြီးစီး၊ ဘူတန်နိုင်ငံမှ မြန်မာနိုင်ငံဆရာဝန်များခေါ်ယူ၊ နှစ်ပေါင်းတစ်ထောင်ကျော်ရှေးဟောင်းမြို့တော်နှင့် ယဉ်ကျေးမှုအမွေအနှစ် ကျောက်စာရုံများ ပြုပြင်သင့်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဆင်နှာမောင်းနှင့် လေပြင်းများတိုက်ခတ်၊ ငါးသိန်းတန်ဖုန်း တစ်ဆင့်ပြန်ငှားထားသူများ အဆင်ပြေနေ၊ ဒေါ်လာဈေးပြန်ကျလာကာ FEC ဈေးခုန်တက်လာ၊ သံသာမြည်ဟိန်းသည့် ခေါင်းလောင်းကြီး ပဲခူးမြို့မှာ ပေါ်ထွက်လာမည်၊ ဈေးဝယ်ပြီးနောက်ပိုင်း ကော်မရှင်တောင်းသည့် Guide (စကားပြန်)တချို့ရှိနေ၊ ကုန်သေတ္တာယာဉ်နှင့် သစ်လုံးတင်ယာဉ်များ သတ်မှတ်စည်းကမ်းမလိုက်နာပါက ဒဏ်ငွေအပြင်လိုင်စင်ပိတ်မည်၊ ထိုင်းရုပ်နီဆန္ဒပြခေါင်းဆောင် ၁၇ ဦးကို ရုံးတင်စစ်ဆေးမှုစတင်၊ ချူကလီးယားလက်နက် အီရန် မရရေးတားဆီးရန် အစ္စရေးတွင် သုံးရက်သာ အချိန်ရှိကြောင်း အမေရိကန်သံအမတ်ဟောင်း သတိပေး၊ မိန်းမလိုက်စားသည့် ခင်ပွန်းသည်ကို တူဖြင့်ထုသတ်ခဲ့ပြီး ချောက်ကမ်းပါးမှ ခုန်ချရန် ကြိုးစားခဲ့သည့်ဇနီး၊ အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်း အစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၈-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -တစ်ရွာပြောင်းသူကောင်းပုံစံ
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၃၁)**
- ၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်မှာလားလို့ (ပြေတီဦး၊ နဝရတ်၊ သဇင်) (ဒါရိုက်တာ-ညီညီထွန်းလွင်)**
- ၁း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၂)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၆၀)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူ့ရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၈)**
- ၂၄။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၀)
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

သဲကုန်းမြို့မဈေး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပဲခူး ဩဂုတ် ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇွန် ၁၂ ရက်က သဲကုန်းမြို့မဈေး၏ မီးဘေးကာကွယ်ရေး စီမံချက်ပါအတိုင်း ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အနုသုခုမသဘင်ပညာ သုတေသနစာတမ်းဖတ်ပွဲ
ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် အနုသုခုမသဘင်ပညာသုတေသန စာတမ်းဖတ်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၀

အနုသုခုမသဘင်ပညာ သုတေသန စာတမ်းဖတ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စာတမ်းဖတ်ပွဲအခမ်းအနားသို့ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ကြည်နှင့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးချစ်စံဝင်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ရုပ်သေးပညာရှင် ဦးရဲဒွေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဧည့်သည်တော်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံသဘင် ပညာရှင်များအစည်းအရုံးမှ ရုပ်သေး ပညာရှင် ဦးရဲဒွေးက မြန်မာ့ရုပ်စုံသဘင်မှ ရုပ်သေးဇာတ်ရုပ်များ စာတမ်းကို လည်းကောင်း၊ အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနစု (ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဇော်ထက်က ကမ္ဘာက စိတ်ဝင်စားလာသော မြန်မာ့ဆိုင်းပညာ စာတမ်းကိုလည်းကောင်း၊ အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနစု(မန္တလေး) မှ ဦးစီးအရာရှိ ဦးမြတ်လင်းက " ဇာတ်သဘင်ဆိုင်ရာ ကကြိုးကကွက်များ" စာတမ်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကထိက(မြန်မာစာ) ဒေါက်တာကျော်မင်းက "ဇာတ်လမ်းဖန်တီးမှုနည်းပရိယာယ်များ" စာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။

ဆွေးနွေးအကြံပြု

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့် စပ်လျဉ်း၍ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ရုပ်သေးပညာရှင် ဦးရဲဒွေး၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ကြည်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဌာနမှူး(သင်တန်းရေးရာ) ဦးကံဌေးတို့က ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အနုသုခုမသဘင် ပညာ စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စတင်ကျင်းပ

ထို့နောက် စာတမ်းဖတ်ပွဲကို စတင် ကျင်းပရာ အလှည့်ကျ သဘာပတိများ အဖြစ် မြန်မာစာအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ကြည်နှင့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးချစ်စံဝင်းနှင့် ရုပ်သေးပညာရှင် ဦးရဲဒွေးတို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ တခရှိ ဆိုက်တိုးအား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်း ခံရသော ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တခရှိ ဆိုက်တိုးအား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ တခရှိ ဆိုက်တိုးသည် ၁၉၄၉ ခုနှစ် ဧပြီ ၁၂ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၇၄ ခုနှစ် မတ်လတွင် တိုကျိုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ် ဧပြီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၂ ခုနှစ်အထိ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနှင့် ကနေဒါနိုင်ငံများရှိ ဂျပန်သံရုံးများနှင့် ဟောင်ကောင်မြို့ ကောင်စစ်ဝန်ချုပ်ရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့တွင် အမှုဆောင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဆီနီဂေါနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်အကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တခရှိ ဆိုက်တိုးသည် အိမ်ထောင်သည်ဖြစ်ပြီး သမီးနှစ်ယောက်ရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီ မဲရုံဆောက်လုပ်မည့် နေရာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် ယနေ့တွင် လွိုင်ကော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် နောင်ယား (က)ရပ်ကွက်၊ နောင်ယား (ခ)ရပ်ကွက်နှင့် ဒေါအူခူရပ်ကွက်တို့၌ မဲရုံဆောက်လုပ်မည့်နေရာများနှင့် မဲရုံနမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ် လုပ်ဆောင်ရန် အလှူငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက်ရှိ အများပြည်သူ သောက်သုံးလျက်ရှိသော မင်္ဂလာကန် တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်း အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က သာကေတမြို့နယ် မြို့နယ် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း အမှတ်(၁၁၃/၃)နေ အလှူရှင်ဒေါ်ဝင်းကြည် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)နှင့် မောင်ဖြစ်သူ ဦးဟုတ်သိန်းတို့၏ မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကန်တူးဖော်ရေး ကော်မတီ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(အောက်ဝဲပုံ)**

အလှူငွေများကို ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၅၆၈၅၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လူနေမှုနှင့် မော်တော်ယာဉ်ပြပွဲ-၂၀၁၀ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

လူနေမှုနှင့် မော်တော်ယာဉ်ပြပွဲ - ၂၀၁၀ (Life Style & Car Expo - 2010) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲကို Milky Way International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းဆုရတီစိုး၊ Main Sponsor Shine Construction မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးကိုကိုနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲတွင် Main- Sponsor Shine Construction Materials Co., Ltd. ၏ အိမ်ရာအရောင်းပြခန်းနှင့် ဒီဇိုင်းအမျိုးမျိုး၊ Co- Sponsor များဖြစ်ကြသော Coffer ၏ Funiture များ၊ New Mobile ၏ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ E- Lite ၏ ဖုန်းအမျိုးမျိုးနှင့် အဆင့်မြင့် နည်းပညာများ၊ Lucky Birds Co., Ltd. (True Value) ၏ ကွန်ပျူတာနှင့် အဆင့်မြင့် GPS System များ၊ Latest Shirt အမျိုးသားဝတ် ရှပ်အင်္ကျီအမျိုးမျိုး၊ Leeco မှ အဆင့်မြင့် မီးခံသေတ္တာနှင့်ရုံးသုံး၊ အိမ်သုံးပရိဘောဂ အမျိုးမျိုး၊ Fiber Tech မှ အဆင့်မြင့် ကားအလှဆင် ဖိုင်ဘာနည်းပညာ၊ Universal Funiture မှ ပရိဘောဂ၊ Three Frieds Trading မှ အဝတ်ခြောက်စက်၊ ခြင်ဖမ်းစက်နှင့် ကြွက်ဖမ်းစက်၊ Alpha မှ မော်တော် ယာဉ်စက်ဆီ၊ ချောဆီ၊ TWGS မှ မှုတ်ဆေးအမျိုးမျိုး၊ MNZ မှ ငွေရေစက်၊ My Uita မှ ရေဆူဆေးပြား၊ Stallion မှ မော်တော်ယာဉ်စက်ဆီ၊ ချောဆီ၊ Syper Cool မှ ကားတာယာ၊ Scece မှ အဆင့်မြင့်ပရိဘောဂ၊ Aung Thein Than မှ အင်ဂျင်ဝိုင်နှင့် ကားပြုပြင်ရေး ကိရိယာများ၊ Southern Ocean မှ အလူမီနီယံ (ဆောက်လုပ်ရေး)၊ Ever Seiko မှ ရေပူ/ရေအေးစက်၊ မီးအားမြှင့်စက်၊ Khine Khine မှ မော်တော်ယာဉ်များ၊ Serge Pun & Associates၊ ရွှေခေါင်းလောင်းကားထုတ်လုပ်ရေးနှင့် စွမ်းထက် မော်တော်ယာဉ် ထုတ်လုပ်ရေးတို့က ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲလာရောက်သူများအား သရုပ်ပြဖျော်ဖြေမှုများနှင့် Milky Way International Co., Ltd. အနေဖြင့် (24") LCD တစ်လုံး ကံစမ်းမဲဖွင့်လှစ် ပေးမည်ဖြစ်ကြောင်း၊ ပြပွဲကို ဩဂုတ် ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ လူနေမှုနှင့် မော်တော်ယာဉ်ပြပွဲ -၂၀၁၀ (Life Style & Car Expo -2010) ကို ခင်းကျင်းပြသစဉ်။
(သတင်းစဉ်)

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အမှတ်(၉)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်ဦး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ကဗျာပန်းဥယျာဉ်
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	"ကျော်သွားမှာလား၊ ဖော်စားမှာလား"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	Local Talent
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။	Yan Can Cook
၁၂း၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မပြယ်သောချစ်ခြင်း မန္ဓမ်းသောမေတ္တာ" (အပိုင်း-၃၅)**
၁း၃၀	၇။	International Science News
၁း၄၀	၈။	မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၁း၅၀	၉။	"သာယာရွှေပြည်တို့နေပြည်" (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မော့စ်၊ ဗေလုဝ၊ ရှက်တယ်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၂း၃၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၃၅	၁၁။	အတီးပြိုင်ပွဲ
၂း၅၀	၁၂။	International News
၃း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Delta United F.C နှင့် ရတနာပုံ F.C)
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၆။	ယဉ်တစ်ကိုယ်မယ် (ဖြိုးပိုပို) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇း၀၀	၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၇)**
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒဇရာ၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
	၁၂။	ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၂)
	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၁၃)**
	၁၄။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၅။	အစီအစဉ်ပြီး၏။

ရာဇူဒိုင်၊ မော်လမြိုင်ကျွန်း လက်ခုပ်သံနှင့် လှိုင်းပုတ်သံများ

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး
အဆင်အပြင် - ဖြိုးစန္ဒာမြင့်

တသွင်သွင် စီးဆင်းလျက်ရှိသော ရာဇူဒိုင်မြစ်. . .။ မော်လမြိုင်ကျွန်းမြို့ကို ရစ်ခွေစီးဆင်းနေသော ရာဇူဒိုင်မြစ်သည် ရေစီးညင်သာသော်လည်း မြစ်ပြင်ကျယ်ပြောသည်။ မိုးရာသီ ဧရာဝတီမြစ်ရေတိုးချိန်၌ ပုံမှန်ထက်ခြောက်ပေခန့် မြစ်ရေတက်ပြီး နွေရာသီတွင် ပုံမှန်ထက် ခြောက်ပေခန့် မြစ်ရေကျလေ့ရှိသည်။

မော်လမြိုင်ကျွန်း မြို့နယ်သူ၊ မြို့နယ်သားများအဖို့ ရာဇူဒိုင်မြစ်သည် ဒေသတွင်းကုန်စည်ပို့ဆောင်ရေးနှင့် ကူးသန်းသွားလာရေးအတွက် အထူးအားထားရသော မြစ်တစ်မြစ်ဖြစ်သည်။သို့သော်. . . ရာဇူဒိုင်မြစ်သည် မော်လမြိုင်ကျွန်းမြို့ကို "ကျွန်းမြို့" တစ်မြို့ဖြစ်အောင် အနားသပ်ပေးထားသည်။ မော်လမြိုင်ကျွန်းမြို့သူ၊ မြို့သားများအနေဖြင့် ရာဇူဒိုင်မြစ်တည်ရှိနေခြင်းသည် ကုန်းလမ်းခရီးအတွက်ဆိုလျှင် အဟန့်အတားတစ်ခု ဖြစ်နေလေသည်။

မော်လမြိုင်ကျွန်းမြို့မှ ကုန်းလမ်းခရီးဖြင့်သွားမည်ဆိုလျှင် ရာဇူဒိုင်မြစ်ကို ဇက်ရေယာဉ်မကူးဘဲနှင့် မြို့နယ်အတွင်းက ကျိုက်ပိကိုပင် တိုက်ရိုက်မရောက်နိုင်ချေ။ သို့ဖြစ်ရာ မော်လမြိုင်ကျွန်းမြို့မှ ငွေကြေး တတ်နိုင်သူများပင်လျှင် ကိုယ်ပိုင်ကားဝယ်စီးရန် စိတ်ကူးမရှိကြ။ မော်လမြိုင်ကျွန်းမြို့သူ၊ မြို့သားများသည် ရှေးအစဉ်အဆက် ရေလမ်းခရီးကိုသာ အားကိုးအားထားပြု၍ သွားလာခဲ့ကြပြီး ၎င်းတို့ ဘဝတစ်သက်တာတွင် ရန်ကုန်မြို့သို့ ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်သွားရန်မှာ မဖြစ်နိုင်တော့ဟု စိတ်ဒိုးဒိုးချထားခဲ့ကြသည်။

ကုန်းလမ်းခရီးအတွက် အဟန့်အတားသဖွယ်ဖြစ်နေသော ရာဇူဒိုင်မြစ်ကိုကျော်ဖြတ်ရန်မှာ တံတားတစ်စင်းသာမဟုတ် နှစ်စင်းထိုးရမည်။ ရာဇူဒိုင်မြစ်ဆိုသည်ကလည်း ကျဉ်းကျဉ်းလေးမဟုတ်။ မြစ်ပြင်ကျယ်သော ရာဇူဒိုင်မြစ်ကို တံတားနှစ်စင်းထိုးရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါချေ။ မော်လမြိုင်ကျွန်း မြို့သူ၊ မြို့သားများအဖို့ ရာဇူဒိုင်မြစ်ကူးတံတားနှစ်စင်း တည်ဆောက်နိုင်မည်ဆိုပါက ဟူသော အတွေးမှာ အိပ်မက်ပမာ ဖြစ်ခဲ့ကြရသည်။

နာဂစ် ဆိုင်ကလုန်းမုန်တိုင်း. . . .။ ၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ရက်တို့တွင် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ အင်အားပြင်းထန်သော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်မွှေနှောက် တိုက်ခတ်ခဲ့ရာ လူ့အသက်ပေါင်းများစွာ အပါအဝင် ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့သည်။ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များအနက် ခုနစ်မြို့နယ်မှာ နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ကြရပြီး မော်လမြိုင်ကျွန်းမြို့နယ်သည် ဆုံးရှုံးမှုပမာဏ တတိယအများဆုံးမြို့နယ်ဖြစ်ခဲ့သည်။

နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့ရသော မော်လမြိုင်ကျွန်းမြို့နယ်အတွက် 'အဆိုးထဲကအကောင်း'ဟု ပြောရပေမည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး ရက်ပိုင်းအတွင်းမှာပင် မော်လမြိုင်ကျွန်းမြို့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရောက်ရှိလာပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ရန် လမ်းညွှန်မှုပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြို့နယ်အတွင်း ဆက်သွယ်သွားလာမှုလွယ်ကူစေမည့် မော်လမြိုင်ကျွန်း- လှိုင်းဘုန်း - ခနဲ့လမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်း၊ ရာဇူဒိုင်တံတားအမှတ်(၁)တည်ဆောက်ရေးစီမံကိန်း၊ ရာဇူဒိုင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း၊ ကျေးလက်အိမ်ရာဆောက်လုပ်ရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နာဂစ်မုန်တိုင်းလွန်ကာလတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ခနဲ့လမ်း ၂၉ မိုင် ၄ ဖာလုံကို မြေသားတာပေါင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကာ လမ်းကြောင်းပေါ်ရှိ တံတား ၂၂ စင်းအနက် ၁၇ စင်းကို ဆောင်ရွက်ပြီးဖြစ်၍ ဆောင်ရွက်ရန်တံတား ငါးစင်းသာကျန်ရှိသည်။

မအူပင်-ရေလဲကလေး-ရွှေတောင်မျော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်းပေါ်၌တည်ရှိသော ရာဇူဒိုင်တံတားအမှတ်(၂)ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်တည်ဆောက်ပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ရာဇူဒိုင်တံတားအမှတ်(၂)သည် သံကူကွန်ကရစ်တံတားအမျိုးအစား၊ တံတားအရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင်နှစ်ပေစီ ဖြစ်သည်။

မအူပင်- ရေလဲကလေး- ရွှေတောင်မျော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်၌ တည်ရှိသော ရာဇူဒိုင်တံတားအမှတ်(၁)ကို ၁-၄-၂၀၀၉ ရက်တွင် စတင်တည်ဆောက်ပြီး ၂၂-၇-၂၀၁၀ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ရာဇူဒိုင်တံတားအမှတ်(၁)သည် ပင်မတံတား သံမဏိသံပေါင် အမျိုးအစား၊ ချဉ်းကပ်တံတား သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်း၊ တံတားအရှည် ၁၈၃၅ ပေ ၉ လက်မ၊ ပင်မတံတား ၉၉၈ ပေ ၃ လက်မ၊ ချဉ်းကပ်တံတား မော်လမြိုင်ကျွန်းဘက်ကမ်း ပေ ၆၆၀၊ ကျိုက်ပိဘက်ကမ်း ၁၇၇ ပေ ၆ လက်မ၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေစီ ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ ကျေးရွာများဖြစ်သော ငွေစင်ရော်ကျေးရွာ၊ လှိုင်းဘုန်းလေးကျေးရွာ၊ ကြက်လျှာကျေးရွာ၊ ခနီချောင်းကျေးရွာ၊ ကျားဟုန်းကျေးရွာ၊ လှိုင်းဘုန်းကျေးရွာ၊ လိပ်ချောင်းကျေးရွာ၊ ကန်စုကျေးရွာနှင့် မြို့ပတ်လမ်းတို့တွင် ကျေးလက်အိမ်ရာ စုစုပေါင်း ၁၉၆၄ လုံးကို ဆောက်လုပ်ပြီးစီးခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကျောင်းများဖြစ်သော လှိုင်းဘုန်းကျေးရွာမှ အခြေခံပညာအထက်တန်း

မော်လမြိုင်ကျွန်း-ရန်ကုန် ခရီးသည်ပို့ဆောင်ရေး မှန်လုံအမြန်ယာဉ်တစ်စီး ရာဇူဒိုင်တံတားအမှတ်(၁)ပေါ်မှ ဖြတ်သန်းမောင်းနှင်နေမှုကို တွေ့ရစဉ်။

ကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ကပ်ခိုကျေးရွာမှ တွဲဖက် အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ မိချောင်းအိုင်ကျေးရွာမှ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် လည်းကောင်း၊ ကျားချောင်း-မြစ်ကလေးကျေးရွာမှ ကိုယ့်အားကိုယ်ကိုးကျောင်းကို အခြေခံပညာ မူလတန်းကျောင်းခွဲအဖြစ် လည်းကောင်း၊ မယ်ဂျာကျေးရွာမှ ကိုယ့်အားကိုယ်ကိုးကျောင်းကို အခြေခံပညာ မူလတန်းကျောင်းခွဲအဖြစ် လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ရာဇူဒိုင် တံတားအမှတ်(၁)နှင့် ရာဇူဒိုင်တံတားအမှတ်(၂) တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခြင်းသည် မော်လမြိုင်ကျွန်းမြို့သူ၊ မြို့သားများ၏ လူနေမှုဘဝကို များစွာ ပြောင်းလဲ မြှင့်တင်ပေးနိုင်ခဲ့လေသည်။ မော်လမြိုင်ကျွန်းမြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် ရာဇူဒိုင်မြစ်ကူးတံတားကြီးနှစ်စင်း ပေါ်ပေါက်လာသည်မှာ အိပ်မက်သဏ္ဍာန်မှ အစစ်အမှန်အဖြစ် ရုပ်လုံးပေါ်လာခြင်းပင်ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သော မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးနီသည် အသက် (၆၀) ရှိပြီဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ်၌ မွေးဖွားကြီးပြင်းပြီး ဆန်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်လာသူ ဦးနီသည် ရာဇူဒိုင်တံတားနှစ်စင်း ပေါ်ထွန်းလာခြင်းအတွက် အတိုင်းမသိဝမ်းသာလျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ် ရေယာဉ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးနီက "ရာဇူဒိုင်တံတားကြီး နှစ်စင်းကို တစ်နှစ်ကျော် ကာလအတွင်းမှာ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဟာ မော်လမြိုင်ကျွန်း မြို့သူ၊ မြို့သားတွေအတွက် အိပ်မက်တစ်ခုလို ဖြစ်နေပါတယ်။ အရင်က ရေလမ်းကိုသာ အသုံးပြုနေခဲ့ရပြီး အခုလို တံတားကြီးနှစ်စင်းဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ တံတားကြီးနှစ်စင်း တကယ်ဖြစ်လာတော့ အားလုံးဝမ်းသာ၊ ဝမ်းနည်းဖြစ်ကြရတယ်။ ကျွန်တော်တို့ မိဘဘိုးဘွားတွေဟာ ကိုယ်ပိုင်ကားစီးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ ခံယူခဲ့ကြတာပါ။ တံတားကြီးတွေ တစ်စင်းပြီး တစ်စင်းဖြစ်လာတာကို မမြင်သွားကြရတဲ့ ဘိုးဘွားတွေအတွက် ဝမ်းနည်းမိတာပါ။ အရင်က မြို့မှာ ကိုယ်ပိုင်ကားမရှိလို့ မြို့မှာ ကားသုံးဖို့လိုအပ်ရင် ဘိုကလေးမှာ ကားသွားငှားပြီး ဇက်ရေယာဉ်နဲ့ သယ်ရတာဆိုတော့ ကုန်ကျစရိတ် အရမ်းများတယ်။ အခုဆိုရင် ကိုယ်ပိုင်ကားတွေ တစ်စီးပြီးတစ်စီး ဝယ်စီးလာကြသလို မော်တော်ယာဉ်လိုင်းတွေလဲ ပြေးဆွဲပေးနေတော့ ကျန်းမာရေးအရ ရန်ကုန်ကိုသွားပြီး ဆေးကုမယ်ဆိုရင် အချိန်တိုအတွင်း ရောက်နိုင်ပါပြီ။ ရန်ကုန်ကို သင်္ဘောနဲ့သွားရင် ၁၂ နာရီလောက် သွားခဲ့ရပေမယ့် ကားလမ်းပေါက်သွားတော့ ရန်ကုန်ကို ၄ နာရီနဲ့ ခရီးပေါက်တယ်။

ဒေသထွက်ကုန်တွေကိုလည်း ကားလမ်းကနေ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် တင်ပို့နိုင်လို့ လူမှုရေးသာမက စီးပွားရေးအတွက်ပါ ပိုပြီးကောင်းသွားတယ်။ တံတားကြီးနှစ်စင်း တည်ဆောက်ပေးတဲ့ နိုင်ငံတော်ရဲ့စေတနာအပေါ် ကျေးဇူးတင်လို့ မဆုံးပါဘူး။ မြို့သူမြို့သားတွေအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်"ဟု ရင်တွင်းခံစားချက်ကို ပြောကြားသည်။

မော်လမြိုင်ကျွန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်ကလည်း "ရာဇူဒိုင်တံတားအမှတ်(၂) ဖွင့်ပြီးတဲ့အချိန်မှာ ရာဇူဒိုင်တံတားအမှတ်(၁) မပြီးသေးလို့ ဇက်ကူးနေရသေးတယ်။ အခုဆိုရင် ရာဇူဒိုင်တံတားအမှတ်(၁) ပြီးသွားလို့ ဇက်မကူးရတော့ဘူး။ ရန်ကုန်မြို့ကို ကားလမ်းကသွားရင် ၄နာရီပဲကြာတော့တယ်။ တံတားဖွင့်ပွဲပြီးတာနဲ့ မြို့နယ်သူ၊ မြို့နယ်သားတွေ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ တံတားကြီးကို သွားကြည့်ကြတာ ညနေစောင်းဆိုရင် တံတားပေါ်မှာ စည်ကားနေတာပဲ။ အရင်က ဒီလို တံတားကြီးမျိုး မမြင်ဖူးခဲ့ကြလို့ အားလုံးဝမ်းသာအားရနဲ့ တအံ့တသြနဲ့ အထူးအဆန်းဖြစ်နေကြတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က ဆန်စပါး အဓိကထွက်တာဆိုတော့ အခုဆိုရင် ဆန်စပါးကို ရေလမ်းကသာမက ကုန်းလမ်းကပါ အချိန်တိုအတွင်း တင်ပို့နိုင်လာတယ်။ အနာဂတ်မှာ မော်လမြိုင်ကျွန်းမြို့နယ် အခုထက်ပိုပြီး ဖွံ့ဖြိုးစည်ပင်လာမှာပါ။ ဒေသခံတွေကတော့ တံတားကြီးနှစ်စင်းကို အချိန်တိုအတွင်း တည်ဆောက်ပေးလို့ နိုင်ငံတော်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေကြပါတယ်" ဟု ပြောကြားသည်။

T.Z.T.M ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက် ရှိသော မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၏ (င)ဆောင် (မျက်နှာစာ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်စိုးကလည်း "နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးကာစမှာ မြို့ပေါ်မှာ အပျက်အစီးတွေရှိခဲ့လို့ ပုံမှန်အနေအထားရောက်အောင် တာဝန်ရှိသူ အဆင့်ဆင့်နဲ့ ဝန်ထမ်းတွေအားလုံး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါတယ်။ ကိုယ့်ရဲ့နေအိမ်ပျက်စီးနေတာကိုတောင် လှည့်မကြည့်နိုင်အားဘဲ မြို့တွင်းလမ်းတွေ ပုံမှန်သွားလာနိုင်ဖို့နဲ့ ကျောင်း၊ ဆေးရုံ၊ ဈေးနဲ့ ဌာနဆိုင်ရာအဆောက်အအုံတွေ ပျက်စီးမှုကို အမြန်ဆုံးရှင်းလင်းပြုပြင် ဆောင်ရွက်ခဲ့ကြပါတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရက ရာဇူဒိုင်တံတားနှစ်စင်း တည်ဆောက်ပေးခဲ့လို့ ဆက်သွယ်

“ရာဇူဒိုင်တံတား နှစ်စင်းတည်ဆောက် ဖွင့်လှစ်နိုင်ခဲ့လို့ အနာဂတ်မှာ မော်လမြိုင်ကျွန်းမြို့နယ် အခုထက်ပိုပြီး ဖွံ့ဖြိုး စည်ပင်လာမှာပါ”

ဦးအောင်ကျော်ခိုင်
(ဥက္ကဋ္ဌ
မော်လမြိုင်ကျွန်းမြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ)

စည်ကားနေတာပဲ။ အရင်က ဒီလို တံတားကြီးမျိုး မမြင်ဖူးခဲ့ကြလို့ အားလုံးဝမ်းသာအားရနဲ့ တအံ့တသြနဲ့ အထူးအဆန်းဖြစ်နေကြတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က ဆန်စပါး အဓိကထွက်တာဆိုတော့ အခုဆိုရင် ဆန်စပါးကို ရေလမ်းကသာမက ကုန်းလမ်းကပါ အချိန်တိုအတွင်း တင်ပို့နိုင်လာတယ်။ အနာဂတ်မှာ မော်လမြိုင်ကျွန်းမြို့နယ် အခုထက်ပိုပြီး ဖွံ့ဖြိုးစည်ပင်လာမှာပါ။ ဒေသခံတွေကတော့ တံတားကြီးနှစ်စင်းကို အချိန်တိုအတွင်း တည်ဆောက်ပေးလို့ နိုင်ငံတော်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေကြပါတယ်“ ဟု ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်စိုးကလည်း “နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးကာစမှာ မြို့ပေါ်မှာ အပျက်အစီးတွေရှိခဲ့လို့ ပုံမှန်အနေအထားရောက်အောင် တာဝန်ရှိသူ အဆင့်ဆင့်နဲ့ ဝန်ထမ်းတွေအားလုံး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါတယ်။ ကိုယ့်ရဲ့နေအိမ်ပျက်စီးနေတာကိုတောင် လှည့်မကြည့်နိုင်အားဘဲ မြို့တွင်းလမ်းတွေ ပုံမှန်သွားလာနိုင်ဖို့နဲ့ ကျောင်း၊ ဆေးရုံ၊ ဈေးနဲ့ ဌာနဆိုင်ရာအဆောက်အအုံတွေ ပျက်စီးမှုကို အမြန်ဆုံး ရှင်းလင်းပြုပြင် ဆောင်ရွက်ခဲ့ကြပါတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရက ရာဇူဒိုင်တံတားနှစ်စင်း တည်ဆောက်ပေးခဲ့လို့ ဆက်သွယ်သွားလာမှု အများကြီး လွယ်ကူအဆင်ပြေလာပါပြီ။ မော်လမြိုင်ကျွန်းမြို့ပေါ်မှာ မော်တော်ယာဉ်အသွားအလာ များပြားလာတော့မှာမို့ မြို့တွင်းလမ်းတွေ ကောင်းမွန်ရေးကို အလေးထားလုပ်ဆောင်သွားရမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့သည် ယခုအခါ နာဂစ်၏ဒဏ်ရာဒဏ်ချက်များ ယူပစ်သလို ပျောက်ကွယ်သွားပြီဖြစ်ရာ သန့်ရှင်းသပ်ရပ်သာယာလှပသော နေချင့်စဖွယ်မြို့တစ်မြို့ ဖြစ်နေလေသည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်လမ်း၊ တံတားများကို ဆောင်ရွက်ခဲ့ရာ မြို့ပြလမ်းအနေဖြင့် ကတ္တရာလမ်း ၃၅ လမ်း ၁၃ မိုင် နှစ်ဖာလုံ၊ ကျောက်ချောလမ်း ၁၈ လမ်း ၅ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၉၂ လမ်း ၂၀မိုင် ၄ ဖာလုံ၊ မြို့ပြတံတားအနေဖြင့် ကွန်ကရစ်တံတား ၁၃၂ စင်း၊ သစ်သားတံတား ခုနစ်စင်း၊ ရေပွန် ၃၈ ခု၊ ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း နှစ်လမ်း ၆ ဖာလုံ၊ ကျောက်ချောလမ်း ကိုးလမ်း ၁၁ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၂ လမ်း ၃၁ မိုင် ၂ ဖာလုံ၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား တစ်စင်း၊ သစ်သားတံတား ၁၅ စင်း တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် မြို့ပြရေပေးရေးအတွက် တိုးလှဲချောင်းမြစ်ရေကို တိုက်ရိုက်ရေတွန်းစနစ်ဖြင့် ဖြန့်ဝေခြင်းနှင့် စက်ရေတွင်းများ တူးဖော်ခြင်း၊ ကျေးလက်ရေပေးရေးအတွက် တွင်းတိမ်နှင့်တွင်းနက် တူးဖော်ခြင်းနှင့် ရေလှောင်ကန်များပြုလုပ်ခြင်း၊ မြို့ပြသာယာလှပရေးအတွက် အမှိုက်သိမ်းဆည်းမှုနှင့် အမှိုက်စွန့်ပစ်မှုစနစ်တကျရှိရေး၊ မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် ဈေးများအတွင်း အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မြို့တွင်းလမ်းလယ်ကျွန်းများ၌ မီးဆိုင်းတပ်ဆင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ထားရှိသည်။

မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခိုက် မြို့မိမြို့များနှင့် စကားဝိုင်းဖွဲ့ဖြစ်ခဲ့ရာ ရာဇူဒိုင်တံတားကြီးနှစ်စင်းအကြောင်းက ပါလာမြဲပင်ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့မှ မြို့မိမြို့ဖများဖြစ်ကြသော ဦးလှရွှေ (ဆန်စက်လုပ်ငန်းရှင်)၊ ဦးမြင့်ဆွေ၊ ဦးကျော်ဌေးနှင့် ဦးသိုက်စိုးတို့ကလည်း “မော်လမြိုင်ကျွန်းမြို့သည် ရေပတ်လည်ဝိုင်းနေသော ကျွန်းမြို့ဖြစ်၍ ၎င်းတို့တစ်သက် ကားမရောက်နိုင်ဘူးဟု ထင်ခဲ့ကြကြောင်း၊ ၎င်းတို့ငယ်စဉ် ကျိုက်ပိလမ်းစဖောက်ရာ၌ အချို့က ရေတောထဲလမ်းလာဖောက်တာ ဘာလုပ်ရမှာလဲဟု ပြောခဲ့ကြကြောင်း၊ ယခုအခါ တံတားကြီးနှစ်စင်း တကယ်ဖြစ်လာ၍ ကျိုက်ပိလမ်းမှာ အလွန်အသုံးဝင်လာပြီဖြစ်ကြောင်း၊ အားလုံး၏ စိတ်ထဲတွင် အိပ်မက်တစ်ခုလိုဖြစ်နေကြကြောင်း၊ ၎င်းတို့တစ်သက် ယခုကဲ့သို့ တံတားကြီးနှစ်စင်းမရနိုင်တော့ဘူးဟု ထင်ထားကြရာမှ အမှန်တကယ်ရလာ၍ ဝမ်းသာကြသည်မှာ ပြောမပြတတ်အောင်ပင် ဖြစ်ကြောင်း၊ တံတားကြီးနှစ်စင်း တည်ဆောက်ပေး၍ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်မိကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရသော်လည်း တံတားကြီးနှစ်စင်းဖြစ်လာ၍ အဆိုးထဲက အကောင်းဟု ပြောနိုင်ကြောင်း၊ ကားလမ်းပေါက်ပြီဖြစ်၍ သတင်းစာ နေ့ချင်းဖတ်ချင်သည့်ဆန္ဒဖြစ်ပေါ်လာကြောင်း၊ ယခုအခါ သတင်းစာကို တစ်ရက်နောက်ကျပြီးမှ ဖတ်နေရသေးကြောင်း၊ ရုပ်မြင်သံကြားအစီအစဉ်နှင့် နာရေးကြော်ငြာတို့ကို နေ့ချင်းဖတ်ရမှသာ ပို၍အကျိုးရှိမှာဖြစ်ကြောင်း၊ မကြာမီဖြစ်လာမည်ဟု ထင်မြင်ပါကြောင်း” ရင်တွင်းခံစားချက်များကို ဖွင့်ဟခဲ့ကြသည်။

“ရာဇူဒိုင်တံတားကြီး နှစ်စင်းကို တစ်နှစ်ကျော်ကာလအတွင်းမှာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဟာ မော်လမြိုင်ကျွန်း မြို့သူ၊ မြို့သားတွေအတွက် အိပ်မက်တစ်ခုလို ဖြစ်နေပါတယ်”

ဦးနီ
(ဥက္ကဋ္ဌ
မော်လမြိုင်ကျွန်းမြို့နယ်
ရေယာဉ်ပိုင်ရှင်များအသင်း)

နာဂစ်လွန်ကာလတွင် မော်လမြိုင်ကျွန်းမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးသာမက ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်ပါ မြင့်မားလာတော့မည်ဖြစ်သည်။ ယခုအခါ မော်လမြိုင်ကျွန်းမြို့အဝင် တည်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ၌ ခုတင်(၁၀၀) ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံအသစ်ကို တည်ဆောက်အကောင်အထည်ဖော် လျက်ရှိသည်။

T.Z.T.M ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသော မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသည် မြေဧရိယာ ၂၅ ဧက ကျယ်ဝန်းပြီး လူနာဆောင် လေးဆောင် ပါဝင်ကာ R.Cတစ်ထပ် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ ၂၀-၉-၂၀၀၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။

လူနာဆောင် လေးဆောင် အနက်(C)ဆောင်မှာ ရာခိုင်နှုန်းပြည့် ပြီးစီးကာ အလျားပေ ၂၂၀၊ အနံ ၇၂ ပေ၊ အမြင့် ၁၂ပေစီ ဖြစ်သည်။(A) ဆောင်၊ (B) ဆောင်နှင့် (D) ဆောင်တို့မှာ အလျားပေ ၂၂၀၊ အနံ ၆၂ ပေ၊ အမြင့် ၁၂ပေစီ ဖြစ်သည်။ ဆေးရုံမြေဧရိယာကျယ်ဝန်းပြီး အဆောက်အအုံကောင်းသကဲ့သို့ မော်လမြိုင်ကျွန်း-ကျိုက်ပိလမ်းဘေးတွင် တည်ရှိသောကြောင့် ဒေသခံများအတွက် အထူးအားထားရမည့် မြို့နယ်ဆေးရုံပင်ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်သူ၊ မြို့နယ်သားများအတွက် အိပ်မက်တံတားကြီး နှစ်စင်းဖြစ်သော ရာဇူဒိုင်တံတားအမှတ် (၁)နှင့် ရာဇူဒိုင်တံတားအမှတ်(၂)တို့ကို ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်က ဒေသခံပြည်သူများ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြသည်။ တာဝန်ရှိသူများက တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ချိန်တိုင်းတွင် ဒေသခံပြည်သူများ၏ တစ်ခဲနက် လက်ခုပ်သြဘာသံများ ပေါ်ထွက်လာပြီး ရာဇူဒိုင်မြစ်အတွင်း ပွဲတင်ထပ် မြည်ဟည်းကာ လှိုင်းပုတ်သံများနှင့်အတူ ပီတိလှိုင်းဂယက်များကို ဖန်တီးပေးနိုင်ခဲ့ပါတော့သည်။ ။

ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ကားလမ်းတောက်လျှောက် သွားနိုင်ပြီဖြစ်ရာ မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ မှန်လုံအမြန်ယာဉ်ဖြင့် ခရီးသွားကြမည့် မော်လမြိုင်ကျွန်း မြို့သူ၊ မြို့သားများကို တွေ့ရစဉ်။

လူနေမှုနှင့် မော်တော်ယာဉ်ပြပွဲ၌ Shine ဆောက်လုပ်ရေးကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၀

Shine Group of Companies (ရှိုင်းဆောက်လုပ်ရေး၊ အိမ်တွင်းအလှဆင်လုပ်ငန်း၊ Hyundai ဓာတ်လှေကားနှင့် ကောင်းမြတ်ဇော် အင်တာနေရှင်နယ်ကုမ္ပဏီ အိမ်ဆောက်ပစ္စည်း) သည် ဩဂုတ် ၂၀ ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသော လူနေမှုနှင့် မော်တော်ယာဉ်ပြပွဲ ၂၀၁၀ တွင် ပါဝင်ပြသလျက်ရှိသည်။**(ယာပုံ)**

Shine Group of Companies သည် တစ်လ ငွေကျပ်သိန်း ၂၀ ပုံမှန်သွင်းပေးခြင်းဖြင့် အဆင့်မြင့် Condo တိုက်ခန်းပိုင်ဆိုင်ခွင့် ရရှိစေမည်ဖြစ်ပြီး ဓာတ်လှေကား(မီးစက်)နှင့် အိမ်သုံးမီး ပါဝင်မည်ဖြစ်သည့်အပြင် တိုက်ခန်းအနေဖြင့် တစ်လငွေကျပ်ခြောက်သိန်း ပေးသွင်းသည့်စနစ်ဖြင့် ဝယ်သူစိတ်တိုင်းကျ ဆောင်ရွက်ရောင်းချနေကြောင်း၊ ကြွေပြား၊ ကျောက်ပြားအနေဖြင့် ဗီယက်နမ်နိုင်ငံထုတ် Viglacera brand ကို တင်သွင်းအသုံးပြုကာ တစ်ပေပတ်လည် တစ်ချပ်ကို ငွေကျပ် ၆၂၀ ဖြင့် အဆင့်မြင့်မြင့် သုံးနိုင်ကြောင်း၊ Helco Korea ဓာတ်လှေကားကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ဈေးနှုန်းသက်သာစေလိုသူများအတွက် Hyundai (Shang Hai) တံဆိပ်ထုတ်များလည်း ဖြန့်ချိနေကြောင်း၊ အထူးသဖြင့် ဘဏ်လုပ်ငန်းနှင့် Showroom ဖွင့်လိုသူ လုပ်ငန်းရှင်များအတွက် မြို့လယ်ကောင်မြေညီထပ်များကိုလည်း မကြုံဖူးသော ဈေးနှုန်း၊ မရဖူးသောအရစ်ကျပေးချေမှုများဖြင့် ပိုင်ဆိုင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးနေကြောင်း၊ အသေးစိတ်သိလိုပါက ပြပွဲကာလအတွင်းနှင့် အမှတ်(၂၉) မြေညီထပ် ဂျိုးဖြူလမ်း ဂျိုးဖြူကွန်ဒို မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၃၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တံတားလုပ်ငန်းဆောင်ရွက်

ဇူလိုင် ၂၃ ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မောင်တော-ကြိမ်ချောင်း ကျေးလက်လမ်းပေါ်ရှိ အမှတ်(၁)တံတားကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဦး ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော် ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

မိုင်းဆတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်းများ ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းသင်တန်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် သင်တန်းဆင်းသင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်းသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးအုန်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံ BIRLA CORPORATION LIMITED ၏ Executive President Mr. G. Jayarman ခေါင်းဆောင်သောအဖွဲ့သည် ဩဂုတ် ၁၈ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံ BIRLA CORPORATION LIMITED ၏ Executive President Mr. G. Jayarman ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး အကြီးစားမွမ်းမံပြင်ဆင်မှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၁၈ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ အသစ်ဖွင့်လှစ်မည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော လုပ်ငန်းခွင်သို့ သွားရောက်ပြီး လူနာဆောင်များ၊ မွေးကင်းစကလေးလူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရိပ်သာလမ်းရှိကလေးဆေးရုံကြီး(ရန်ကုန်) အဆောက်အအုံသစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိက အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု ဆရာမများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင်ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက တိုးချဲ့အဆောက်အအုံသစ်၌လူနာဆောင်များဖွင့်လှစ်ထားရှိမှု၊ ဝန်ထမ်းအင်အား အခြေအနေ၊ လူနာများ တက်ရောက်ကုသမှုအခြေအနေနှင့် ရင်ချင်းဆက်အမြွှာများ ခွဲစိတ်ကုသပေးမှုအခြေအနေတို့ကိုတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လူနာဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ အသစ်ဖွင့်လှစ်မည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး အဆောက်အအုံ အကြီးစား မွမ်းမံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရုံတင်

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ် ၂၀ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် **"ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"**ရုံတင် ပြသမည်ဖြစ်သည်။

ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ ဝတ္ထုကို ကိုရွှေမိုးသက်နှင့် စိုးကျော်တို့ ဇာတ်ညွှန်းရေးသားပြီး ကိုဇော်(အရုဏ်ဦး) ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသည့် ဤဇာတ်ကားမှာ ဝတ္ထုဇာတ်ညွှန်းနှင့် ဒါရိုက်တာတို့ တွဲဖက်ညီစွာ လက်စွမ်းပြရိုက်ကူးထားသည့် မြန်မာ့ကျေးလက် သဘာဝဟာသ ဇာတ်မြူးဖြစ်ရာ ပရိသတ်တို့အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားအဖြစ် ရှုမြင်ရသည်။ ကျော်ရဲအောင်၊ ပြေတီဦး၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် ဟာသ ခင်လှိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။ အားပေးကြသော ပရိသတ်ကြီးအတွက် အထူးအစီအစဉ်အဖြစ် ၂၁ရက်(စနေနေ့)နှင့် ၂၂ရက်(တနင်္ဂနွေနေ့)များတွင် နံနက် ၈ နာရီပွဲစဉ် တစ်ပွဲတိုး၍ ပြသမည်ဖြစ်သည်။

ဟတ်ထိတယ် မြန်မာဟာသဇာတ်ကားမှာ ရွှေ့ဆောင်၊ စံပြ၊ မဟာမြိုင်၊ ရွှေမန်းနှင့် သီတာရုံတို့တွင် ပြသမည်ဖြစ်ပြီး **ဝါဆိုဖယောင်းတိုင်** ဇာတ်ကားမှာ ဝဇီရာရုံတွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နာမည်ကြီး ရှေးခေတ်စစ်သူရဲကောင်းတစ်ဦး၏ ဇာတ်လမ်းဖြစ်သည့် ROBIN HOOD ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့လယ် မြို့မရုံတွင် အိန္ဒိယဇာတ်ကားသစ် KHIL ADI 420 ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဇာတ်ကားမှ ပြေတီဦးနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်။

ဆုချီးမြှင့်

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်က မြရတနာခန်းမ၌ ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မသက်မှူးစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မော် ဆုချီးမြှင့်စဉ်။ (၅၂၁)

ဆွမ်ပရာဘွမ် ကျေးရွာစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

ဆွမ်ပရာဘွမ် ဩဂုတ် ၂၀

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းသူရက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇောက စာအုပ်များလှူဒါန်းခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမောင်က စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြီး အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။ (၄၆၅)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မင်းရောင်လမ်းမကြီးနေ ဦးဝင်းဆွေ [ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်လှသန်း(အထပြ-ငြိမ်း) မိသားစုကဦးဝင်းဆွေ၏ (၆၇)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် စာနယ်ဇင်းညီလာခံ အတွေ့အကြုံရှင်းလင်း

မိုးကောင်း ဩဂုတ် ၂၀

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက မိုးကောင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ခင်လေးငယ်(ခင်လေးငယ်)၏ နေအိမ်၌ ကျင်းပရာ ညီလာခံကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)က ညီလာခံအတွေ့အကြုံများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ညီလာခံအဖွင့်မိန့်ခွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ အမှာစကားတို့နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၄၉၉)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီဝင်များ၊ အစီရင်ခံစာပြုစုရေးအဖွဲ့ဝင်များ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင်ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်အစီအစဉ်အရ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ဒုတိယမူကြမ်းကို မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီက အပြီးသတ်သုံးသပ်ဆွေးနွေးရန် စည်းဝေးခြင်းဖြစ်ကြောင်းနှင့် အစီရင်ခံစာမူကြမ်းကို ဤအစည်းအဝေးက အတည်ပြုပြီးပါက မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး ဦးစီးကော်မတီသို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးအဖွဲ့က ပြုစုထားသည့် အစီရင်ခံစာ ဒုတိယမူကြမ်းကို အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု(ဃဃ)

ပို့ဆောင်ရေးဝန်ကြီးဌာန - နှစ်ဂိုး

(အောင်သူဟိန်းနှင့် ပြည့်သျှန်ချိုမြင့်)

စွမ်းအင်ဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသန်းစော (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဃဃ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန - သုံးဂိုး

(ရဲကျော်သူရစိုး၊ ကျော်အေးမင်း၊ စိုးမင်းအောင်)

ကာကွယ်ရေးဝန်ကြီးဌာန - တစ်ဂိုး

(မျိုးသူ)

(ဒိုင်) ဦးအောင်သူ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ်၂၁ရက်နှင့် ၂၂ရက် ပွဲစဉ်များရပ်နားမည်ဖြစ်သည်။

၂၃-၈-၂၀၁၀ ရက်

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု (ကက)

သစ်တောရေးရာနှင့် စက်မှု(၁)

၂၃-၈-၂၀၁၀ ရက်

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု (ကက)

ပြည်ထဲရေးနှင့် ဘဏ္ဍာ/အခွန်

(၁၀၇)

လက်ခံ

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မင်းကျောင်းလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ (လူမှုထူးချွန်) ဒူးရင်းသီး ဦးစိုးမြင့်-ဒေါ်ခင်မာရီ(မျိုးနို့ဆီမိသားစု) က ဒူးရင်းသီးဦးစိုးမြင့်၏ (၇၅)နှစ်ပြည့်မွေးနေ့တွင် နိုင်ငံတော် သံဃမဟာနာယက ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ ဆွမ်းပဒေသာပင် ငွေကျပ် သိန်း၁၀၀ ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် လက်ခံစဉ်။

(သတင်းစဉ်)

ကမ္ဘာ့အမျိုးသမီး လက်ဝှေ့တံခွန်စိုက် ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ဝှေ့အားကစားသမားများ ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၀

၂၀၁၀ ခုနှစ် ဘားဘဒို့(စ်)နိုင်ငံ (BABARDOS)၌ ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ၅ရက်အထိ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်အစီအစဉ်ဖြင့် ပူးတွဲ လက်ဝှေ့လေ့ကျင့်ခြင်းနှင့် စက်တင်ဘာ၆ရက်မှ ၁၉ ရက်အထိ ၂၀၁၀ ခုနှစ် ကမ္ဘာ့အမျိုးသမီး လက်ဝှေ့တံခွန်စိုက် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ/နည်းပြ ဦးတင်မောင်ဖေ (နည်းပြချုပ်) မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ခေါင်းဆောင်သော မြန်မာ့လက်ဝှေ့အားကစားသမားများ ဖြစ်ကြသည့် ကြူကြူသင်းနှင့်နှင်းမို့မို့နိုင်တို့သည် ဇူလိုင် ၁၉ ရက် ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

အဆိုပါ လက်ဝှေ့အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေ အားနည်းနေ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မောင်တောမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မော်လိုက်မြို့၊ ပလက်ဝမြို့နှင့် စစ်တွေမြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီနှင့် လားရှိုးမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဩဂုတ် ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်း နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဩဂုတ်လ စတုတ္ထ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက် ။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၂၇ဒသမသုညဒီဂရီစင်တီဂရိတ်)၈၁ဒီဂရီဖာရင်ဟိုက်		၁၉-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမသုညဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက်		၂၀-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၀ ရာခိုင်နှုန်း		၂၀-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၂၀-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၄ဒသမသုညဒီဂရီစင်တီဂရိတ်)၉၃ဒီဂရီဖာရင်ဟိုက်		၁၉-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၆ဒသမသုညဒီဂရီစင်တီဂရိတ်)၇၉ဒီဂရီဖာရင်ဟိုက်		၂၀-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၃ ရာခိုင်နှုန်း		၂၀-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၅ ဒသမ ၇ နာရီခန့်	၁၉-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၈-၂၀၁၀	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၁၀မှ	၁၃၂၇မမ	၁၄၈၅မမ	၁၇၉၃မမ
ယနေ့အထိ	(၅၂ဒသမ ၂၄လက်မ)	(၅၈ဒသမ၄၆လက်မ)	(၇၀ဒသမ၅၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၈-၂၀၁၀ ရက် ၉း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်းတိုက်ခတ်သည်။

မန်စီးတီးနှင့်လီဗာပူး ထိပ်တိုက်တွေ့ဆုံချိန်တွင် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ရလဒ်ကောင်းနိုင်

ဒီတစ်ပတ်ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂)မှာ မန်စီးတီးနဲ့ လီဗာပူး ထိပ်တိုက်တွေ့ဆုံမှာဖြစ်ပြီး မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ကတော့ အနည်းငယ်ပွဲချောင်တာကြောင့် ရလဒ်ကောင်းများပေါ်ထွက်လာဖွယ်ရာ ရှိနေပါတယ်။

မန်စီးတီး - လီဗာပူး

နှစ်သင်းလုံးအတွက် ဒုတိယမြောက်ပွဲကျပ်ကို နွှဲရမှာဖြစ်ပါတယ်။ ရာသီသစ်အတွက် ပြင်ဆင်မှုအားကောင်းခဲ့တဲ့ မန်စီးတီးမှာ လူစုံနေသလို ဗီလာက အသစ်ခေါ်ယူထားတဲ့ ဂျိမ်းစ်မေလ်နာလည်း ပါဝင်ကစားဖို့ အဆင်သင့်ဖြစ်နေမှာပါ။ လီဗာပူးမှာ အားထားရတဲ့ ဂျိုကိုးလ် ပွဲပယ်ခံထားရတာက ထိုးနှက်ချက်တစ်ရပ် ဖြစ်လာမှာပါ။ ကစားသမားစုဖွဲ့မှုမှာ မန်စီးတီး သာသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် မန်စီးတီး အမှတ်ပြည့်ရဖွယ်ရာ ရှိနေပါတယ်။

အဖွင့်ပွဲစဉ်ကကဲ့သို့ပင် ခြေစွမ်းပြနိုင်ရန် ကြိုးစားလာဦးမည့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။

ဖူလ်ဟမ် - မန်ယူ

အဖွင့်ပွဲစဉ်မှာ ဖူလ်ဟမ်သရေကစားထားနိုင်ပေမယ့်မန်ယူကတော့ တာထွက်ကောင်းပြီး အမှတ်ပြည့်ရထားပါတယ်။ မန်ယူမှာ တောင်ပံကစားသမားတွေဖြစ်တဲ့ နာနီနဲ့ဗလင်စီယာတို့ ခြေစွမ်းပြနေသလို အသစ်ခေါ်ယူထားတဲ့ ဟာနန်ဒက်ဇ်ကလည်း အားကိုးလို့ ရနေပါတယ်။ တိုက်စစ်မှူး ဝိန်းရွှန်နေးတစ်ယောက် ဒီပွဲမှာ ဂိုးပေါက်ပြန်ရှာတွေ့ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် ဖူလ်ဟမ်အိမ်ကွင်းဆိုပေမယ့် မန်ယူအလေးသာတဲ့ပွဲ ဖြစ်လာဦးမှာပါ။

အာဆင်နယ် - ဘလက်ပူးလ်

အဖွင့်ပွဲစဉ်မှာ လီဗာပူးကို သရေရအောင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာလည်း လူစုံဦးမှာ မဟုတ်သေးပါဘူး။ ဘလက်ပူးလ်ကလည်း တန်းတက်ဆိုပေမယ့် ဝီဂန်ကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူပြခဲ့တာက အထင်ကြီးလေးစားစရာဖြစ်နေပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ် အတွေ့အကြုံနုနယ်လှတဲ့ ဘလက်ပူးလ်ဟာ အာဆင်နယ်ရဲ့ အမ်းမရိတ်မှာ သရေရရေးကိုပဲ ဦးတည်ရမယ်ထင်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ဂိုးပေါက်ပြန်ရှာတွေ့ရန် ကြိုးစားလာမည့် မန်ယူတိုက်စစ်မှူး ဝိန်းရွှန်နေး။

ပရီမီယာလိဂ် ပွဲစဉ် (၂) ပွဲစဉ်များ

ဩဂုတ် ၂၁ ရက် (စနေနေ့)

ည ၈း၃၀ နာရီ

အာဆင်နယ်	-	ဘလက်ပူးလ်
ဘာမင်ဂမ်	-	ဘလက်ဘန်း
အဲဗာတန်	-	ဝုလ်ဗာဟမ်တန်
စတုတ်စီးတီး	-	စပါး
ဝက်စ်ဘရွန်း	-	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	-	ဘော်လ်တန်
ဝီဂန်	-	ချယ်လ်ဆီး

ဩဂုတ် ၂၂ ရက် (တနင်္ဂနွေနေ့)

ည ၇း၀၀ နာရီ

နယူးကာဆယ်	-	ဗီလာ

ည ၉း၃၀ နာရီ

ဖူလ်ဟမ်	-	မန်ယူ

ဩဂုတ် ၂၄ ရက် (အင်္ဂါနေ့)

နံနက် ၁း၃၀ နာရီ

မန်စီးတီး	-	လီဗာပူး

ပါကေးအစားထိုး ကြမ်းခင်းပြားများ Lifestyle & Care Expo 2010 ပြပွဲတွင် ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံတွင် ပထမဦးဆုံး တင်သွင်းပြီး စတင်ဖြန့်ချိမှုသက်တမ်း ဆယ်စုနှစ်တစ်စုခန့် ခိုင်ခံ့စွာ ရပ်တည်နေသော Home Distribution Group က Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများကို တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Lifestyle & Care Expo 2010 ပွဲ၌ ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

Ready Made Floor (ပါကေးအစားထိုး)ကြမ်းခင်းပြားများကို နိုင်ငံတကာက သတ်မှတ်ထားသော Standard အတိုင်း ပါဝင်ဖွဲ့စည်းထားသော အဆင့်မြင့်ကုန်ကြမ်းများကို Q.C Test အဆင့်ဆင့်ဖြင့် စစ်ဆေး၍ Grade A , B, C, D ၏ Spacification ကို အာမခံနှင့် ထုတ်လုပ်ထားပြီး စစ်မှန်သော Grade A, B, C, D ၏ Quality ကွာခြားမှုအရ မှန်ကန်သောပစ္စည်း Sepcification အတိုင်း ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးထိ မှန်ကန်ပွင့်လင်းစွာ ရောင်းချပေးလျက်ရှိသည်။ Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများသည် Polish တင်ရန်မလို၊ ပါကေးထက်ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း၊ ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်း+လက်ခသို့မဟုတ် အားလုံးအပြီးအစီးဖြင့်လည်း လွတ်လပ်စွာ ရွေးချယ် ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများအပြင် အဆင့်မြင့် သုတ်ဆေးအစားထိုး Wall Paper သည် 3rd Generation ဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များတွင် အသုံးပြုမှုများကြောင်း၊ Custom Made Kitchen & Furniture သည် Ready Made ဖြစ်၍ အချိန်ကုန်သက်သာပြီး ခန့်မှန်း Design နှင့် Budget အတိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ပစ္စည်းများ ခင်းကျင်းတပ်ဆင်မှုလုပ်ငန်းကို စက်ရုံမှ လေ့ကျင့်ပေးထားသည့် ရှစ်နှစ်ကြာ ဝါရင့်ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပေးပြီး နည်းပညာအခက်အခဲရှိလျှင် အချိန်တိုအတွင်း ကတိအတိုင်း ဖြေရှင်းပေးကြောင်း သိရသည်။ Home Distribution Group က ဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ပစ္စည်းများကို No. F-2 to 6, 1st Floor အောင်ဆန်းအားကစားပြိုင်ကွင်း မြောက်ဘက်တန်းမင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၇၃၀၈၄၈၀၊ ၇၃၀၈၄၈၁၊ ၇၃၀၈၄၈၂၊ ၇၃၀၈၄၈၃နှင့် အမှတ်-၄၇၂၊၈၂လမ်း(၃၄လမ်းနှင့် ၃၅ လမ်းကြား) မန္တလေးမြို့ ဖုန်း-၀၂-၃၆၈၂၆ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

Home Distribution Group က ဖြန့်ချိသော Ready Made Floor ကြမ်းခင်းပြားနှင့် Wall Paper များကို ပြသထားစဉ်။

(သတင်းစဉ်)

ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဒေါ်ကောင်းမြတ်မြတ်မွန်နှင့် ဝန်ထမ်းများ ခရမ်းမြို့ မြို့ဝင်မုခ်ဦးအနီး မြေယာရှုခင်းအလှပြင်ခြင်းနှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ ပါဝင်ပြသနိုင်

ရန်ကုန် ဩဂုတ် ၂၀

(၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (The 7th CAEXPO) ကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ညီနောင်အသင်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များသည် စက်တင်ဘာ ၇ ရက်အတွင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ကုန်သည်/စက်မှုအသင်းချုပ် ကုန်စည်ပြပွဲကော်မတီ ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅၊ ၂၁၄၃၄၆၊ ၂၁၄၃၄၇၊ ၂၁၄၃၄၈ နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စုံစမ်း၍ သွားရောက်မည့်လူဦးရေစာရင်းကို ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တည်နေရာ	- မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမပေါ်
မြေအကျယ်	- ပေ(၁၈၀×၁၁၇)၊ နှစ်(၆၀)ဂရန်အမည်ပေါက်
အဆောက်အအုံ	- ပေ(၉၀×၇၀)၊ ဂိုဒေါင်
ဆက်သွယ်ရန်	**- ဖုန်း-၀၉-၅၁၈၄၀၁၂၊ ၀၁-၅၀၀၆၆၉**



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့ စက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၃)မှ မြေကွက်အမှတ်(၁၁၆)ကို ဦးထွန်းဝင်းအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၁၁၈)ကို ဦးဇော်ဇော်အောင်အမည်ဖြင့်လည်းကောင်း ဝယ်ယူခွင့်ရရှိခဲ့ပါသည်။ ၎င်းမြေကွက်အမှတ်(၁၁၆)နှင့်(၁၁၈)ကို မူလအမည်ပေါက် ဦးထွန်းဝင်းနှင့် ဦးဇော်ဇော်အောင်တို့ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ အောက်ပါ (၅)ဦးမှ စက်မှုဇုန်မြေကွက်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။(၁) ဦးတင်ထွန်းဦး၊ (၂) ဦးဇော်ဦး၊ (၃)ဦးသန်းဦး၊ (၄)ဒေါ်မိမိကြူ၊ (၅)ကျောင်မိကင်(ခ)ဒေါ်အေးအေးမြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်သူ့ထံမှ ပေးစာများ

ကျူးကျော်ဆိုင်နှင့်အိမ်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် သာယာကုန်းလမ်း အင်းစိန်ပန်းခြံထောင့်တွင် ကျူးကျော်လက်ဖက်ရည်ဆိုင်နှင့် အိမ်များ၊ တဲများသည် ဝန်ထမ်းအိမ်ရာ အဝင်၊ အထွက်လမ်းကို ပိတ်ဆို့ဆောက်လုပ်ထားပြီး နေထိုင်သူအချို့၏ ခိုက်ရန်ဖြစ်ပွား အော်ဟစ်ပြောဆိုရမ်းကားမှုများ၊ ညဘက်၌ မှောင်ရိပ်ခိုမှုများ ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ် နေကြရပါသည်။ ထို့အပြင် လမ်းအဝင်၊ အထွက် အခက်အခဲဖြစ်နေပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

အသံချဲ့စက်သံဆူညံ

စာတည်းခင်ဗျား-

တိုက်ကြီးမြို့တွင် အခြားမြို့များနည်းတူ သာရေး၊ နာရေးကိစ္စများ၌ အသံချဲ့စက်များ အသုံးပြုကြပါသည်။ သို့ရာတွင် လိုအပ်သည်ထက်ပို၍ ကျယ်လောင်စွာဖွင့်ခြင်း၊ နံနက် ၄ နာရီမှ ညသန်းခေါင်ကျော်သည်အထိ ဖွင့်နေခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည့်အပြင် ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ကြီးသား

ရေစီးရေလာ ကောင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ် (၁)လမ်းတွင် ရေနုတ်မြောင်းများ ရှိသော်လည်း စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ပိတ်ဆို့ထားပါသဖြင့် ရပ်ကွက်အတွင်းရှိလမ်းများသို့ ရေဆိုးများစီးဝင်လျက်ရှိရာ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ လမ်းများလည်း ပျက်စီးနေပါသဖြင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

ကန်သာယာလမ်းပြုပြင်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃)ရပ်ကွက် ကန်သာယာလမ်း ပျက်စီးနေသည်မှာ ကြာပါပြီ။ ကျောင်းနေကလေးများ၊ ဈေးသွားဈေးလာများ၊ ခရီးသွားများ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းကောင်းစေချင်သူ

တာယာဟောင်းများစုပုံ ခြင်၊ ယင်၊ ကြွက်ပေါက်ပွား

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတော(လယ်)ရပ်ကွက် ဖျာပုံလမ်းအတွင်း တာယာအဟောင်းပုံများ၊ တာယာအဟောင်းစပုံများကို အိမ်ရှေ့နှင့် ပတ်ဝန်းကျင်တွင် ထားရှိပါသဖြင့် ခြင်၊ ယင်၊ ကြွက်များပေါက်ပွားပြီး သွေးလွန်တုပ်ကွေးနှင့် အခြားရောဂါများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဖျာပုံလမ်းသားများ

လမ်းပေါ်ဆိုင်ဆောက် သွားလာရေးခက်

စာတည်းခင်ဗျား-

ဘိုကလေးမြို့ (၈)ရပ်ကွက် (၁)လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သည် သတ်မှတ်နေရာထက်ကျော်လွန်၍ ဆောက်လုပ်ထားပြီး စားပွဲခုံများ ခင်းကျင်းရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ ထို့အပြင် ဆိုင်သို့လာရောက်သူများ၏ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားများကြောင့် ညဘက်သွားလာရာ၌ အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဘိုကလေးသား

မီးတားလမ်းကျဉ်းကျပ် အိမ်သာများနံစော်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သုမ္မောလမ်းမအနောက်ဘက်လမ်းကြား သန္တာ(၇)လမ်းမှစ၍ သန္တာ (၁၇)လမ်းအထိ လမ်းကြားမီးတားလမ်းမှာ ၁၅ ပေရှိခဲ့ပါသည်။ ယခုအခါ တိုးချဲ့ဆောက်လုပ် နေထိုင်ကြသဖြင့် လမ်းကြားအကျယ် သုံးပေမှ ငါးပေအထိသာ ကျန်ရှိပြီး အိမ်သာများမှာလည်း ကျင်းမရှိ ခွေသာကာပြီးသုံးနေကြသည့်အတွက် အနံ့ဆိုးများနံပြီး ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာသန့်ရှင်းလိုသူ

ဝက်မွေးမြူမှုကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၄) ရပ်ကွက်၊ (၅၆) ဈေးရှေ့ ဇွဲကပင် (၂) လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များစီးပွားဖြစ် မွေးမြူထားရာ မစင်နှင့် အနံ့ဆိုးများ၊ ဝက်အော်သံများကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမွေးမြူရေးလုပ်ငန်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ရေမြောင်းပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၂၇-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စမ်းချောင်းမြို့နယ် စမ်းမြောက်ရပ်ကွက်မှ **ရေမြောင်းများပိတ်ဆို့ ကြွက်၊ ခြင်၊ ယင်ပေါများ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဖခင်အမည်မှန်

ကျွန်တော် ဦးသိန်းရွှေ [၉/မသန(နိုင်)၀၈၀၂၁၈]၏ ဖခင်အမည်မှန်မှာ ဦးဘခွေး(ခ) ဦးဘိုးခွေး ဖြစ်ပါသည်။

အမည်ဖြည့်စွက်

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ တတိယနှစ် သင်္ချာမှ အဖ ဦးအောင်မျိုးဝင်း၏သား မောင်ဇင်မျိုးအောင် [၁၂/လသယ(နိုင်)၀၅၄၈၆၃]အား မောင်ဇင်မျိုးအောင် (ခ) မောင်ဇင်မျိုးဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။



ဝမ်းနည်းကြေကွဲခြင်း

ကိုတေဇာဝင်းနှင့်မမေခင်ကျော် [MAT Computer (Mandalay)]တို့၏ ဖခင်ကြီး ဒေါက်တာ ဦးခင်မောင်ဝင်း အသက်(၈၀)သည် ၁၇-၈-၂၀၁၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Asia Tech Computer
Citicom Computer
Royal Smart Co.,Ltd(MSI)
Shwe Lamin Nagar Co.,Ltd(Acer)

ငွေချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
မော်လမြိုင်ခရိုင်တရားမရုံး၌
၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄

မဝင်းဝင်းစိုး နှင့် ၁။ မင်းမင်း(ခ)စဖိ
၂။ ဇွန်မာဘီ (အတူနေသားအမိ)

တရားလို **တရားပြိုင်**

မြဝတီမြို့၊ ကြံခင်းရပ်၊ ရပ်ကွက်(၁)၊ အမှတ်(၄၆/ဘီ)နေ တရားပြိုင် မင်းမင်း(ခ)စဖိနှင့် ဇွန်မာဘီ (အတူနေသားအမိ) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို မဝင်းဝင်းစိုးက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁၃ ရက် (၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

နွယ်နွယ်ရီ
ဒုတိယခရိုင်တရားသူကြီး(၁)

ကားရောင်းမည်

ဒိုင်နာ ၈က/----
(14') Double Cab
CNG (6)လုံး
လိုင်စင်/ဆေးဘော်ဒီအသစ်
ရောင်းဈေး သိန်း(၁၀၀)။

ဖုန်း-၅၈၁၈၃၀၊ ၇၃၀၇၃၃၆၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြတ်ခိုင်ပိုင်ဆိုင်သော ယာဉ်အမှတ် ဓ/၂၄၁၅၏ အခွန်ကျေပြေစာပုံစံ(၁)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၅၈၀၉၆၁**

အရှယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူ လူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူ လူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ - ၁၁)
ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်တရားသူကြီး(၂)ရုံးတော်၌
၂၀၁၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ်-၈၁

ဒေါ်ခင်စန်းရီ **လျှောက်ထားသူ**

အမှတ်(၂၁၃)၊ မြေညီထပ်၊ ငုဝါလမ်း၊
စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အမှတ်(၂၁၃)နေ အရွယ်မရောက်သေးသောသူငယ် မဖူးပွင့်သဲချိုအကြောင်း။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အမှတ်(၂၁၃)နေ ဒေါ်ခင်စန်းရီက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ်မဖူးပွင့်သဲချိုဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်ကို ဒေါ်ခင်စန်းရီက အုပ်ထိန်းသူအဖြစ် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် (၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စိုးညွန့်
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ တိုက်အမှတ်(၁၅၇/၂၄၀)၊ အခန်းအမှတ်(၂၀၄)သည် ယခုလက်ရှိ ဦးခင်မောင်ညွန့်အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးခင်မောင်ညွန့်မှ ဦးဇော်လင်း [၁၂/မရက(နိုင်)၀၉၁၅၉၆]-ဒေါ်သန်းသန်းဝင်း [၁၂/ဗဟန(နိုင်)၀၅၈၇၆၀]သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဦးဇော်လင်း [၁၂/မရက(နိုင်)၀၉၁၅၉၆]-ဒေါ်သန်းသန်းဝင်း [၁၂/ဗဟန(နိုင်)၀၅၈၇၆၀]မှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာန (ရန်ကုန်)သို့ ကြော်ငြာသည့်နေ့မှ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်-(၆၀/A)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြေညီထပ်တိုက်ခန်းနှင့် တကွ တယ်လီဖုန်းအမှတ်(၅၁၆၈၃၆)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူများဖြစ်သော ဦးအောင်ဝင်း(TME-014158)နှင့် ဒေါ်စိုးစိုးငြိမ်း(Q/RGN-010652)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်နှင့်အမည်ပြောင်းကိစ္စကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မလမ/၄၁၂၁၉၊ Honda Wave ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင် မှတ်ပုံတင်အမှတ် [၃/ကဆက(နိုင်)၀၀၉၇၂၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၂)၊ မြေကွက်အမှတ်(၈၄၊ ၈၈၊ ၉၀) ဧရိယာ (၆.၅၉၃) ဧကကို အမည်ပေါက် ဦးတင်အေး+၈ အမည်မှ ဦးတင်အေး [၁၂/လသန(နိုင်)၀၁၈၂၈၆] တစ်ဦးတည်းအမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးပါရန် ပူးတွဲပါ(၈)ဦး၏ စွန့်လွှတ်ကြောင်းစာချုပ်စာတမ်းများဖြင့် တင်ပြလျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်အပိုင်၊ အမှတ်(၆၁၅)၊ မြေညီထပ်(တိုက်ခန်း) မဟာဗန္ဓုလလမ်း၊ ယခင်ရပ်ကွက် သမဝါယမဆိုင်အဖြစ် အသုံးပြုခဲ့သောအခန်း (ပဆ-၇၇၀၇)အခန်းကို ယခုအခါ နိုင်ငံတော်မှနေ၍ မူလပိုင်ရှင်ဖြစ်သူ ဦးရန်းစိန်၏ဇနီးဖြစ်သူ ဒေါ်ကြည်[၁၂/လသန(နိုင်)၀၀၇၈၅၅]အား ပြန်လည်ပေးအပ်ပြီးနောက် ယခုအခါ ဒေါ်ကြည်နှင့်မိသားစုဝင်(၆)ဦးမှနေ၍ ကျွန်ုပ်၏မိတ်ဆွေအား ၎င်းတို့ရရှိပိုင်ဆိုင်ထားသည်ဟုဆိုသော အထက်ဖော်ပြပါ မြေညီထပ်အခန်းကို တရားဝင်လွှဲပြောင်းပိုင်ဆိုင်ခွင့်ပေးမည်ဟု ကမ်းလှမ်းလာပါသည်။

အဆိုပါ အမှတ်(၆၁၅)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်းအခန်းကို လွှဲပြောင်းပိုင်ဆိုင်မှုပေးခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်မာသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤလွှဲပြောင်းမှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဝင်း၏လွှဲအပ်ချက်အရ-
စိန်ဂျွန်းခင်မောင်သန်း
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၀၅၁)
LL.B, D.B.L,D.M.L.,D.I.L.,D.A.Psy: D.L.101-WIPO
၁၁၃/၅+၆ လွှာ(ဝဲခန်း)၊ (၅၂)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၀၀၆၅၄

စာကြည့်တိုက် အဆင့်တိုးမြှင့်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ကျောက်တံတား) စာကြည့်တိုက်၌ ဖွင့်လှစ်ထားရှိသော e-Library စာကြည့်တိုက်အား Internet စာကြည့်တိုက်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဩဂုတ် ၁၇ ရက်က ခရိုင်ရုံးစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက e-Library နှင့် Internet စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ဆက်လက်၍ ခရိုင်ရုံးစာကြည့်တိုက်သို့ သီရိကုမ္ပဏီမှ လူမှုထူးချွန်ဦးရဲအောင်နှင့် သုဓမ္မသိင်္ဂီ ဒေါ်လဲ့လဲ့ဝင်း မိသားစုက စာကြည့်တိုက်သုံး ဗီရိုနှစ်လုံးလှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ဂုဏ်ပြုလက်မှတ် ပေးအပ်ကြောင်းသိရသည်။ (ကြေးမုံ)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာစုပေါင်းအိမ်ရာ၊ ၁၄/၃ ရပ်ကွက်၊ ကရမက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ မြေကွက်အမှတ်-၉၈/၂၊ နှစ်(၆၀)ဂရန် အကျယ်အဝန်း ဧရိယာ(၀. ၀၃၉)ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ဒေါ်စိန်စိန် [၁၂/ဥကတ(နိုင်)၁၂၈၆၁၁]ထံမှ မှတ်ပုံတင် အိမ်၊ မြေအရောင်းအဝယ်စာချုပ်အရ တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဦးမျိုးမင်းသန့် [၇/သဝတ(နိုင်)၀၉၀၂၁၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်စိန်	**ဒေါ်ကြည်ကြည်လှိုင်**
B.A,B.Sc, H.G.P,R.L,M.P.A	**LL.B**
တရားရုံးချုပ်ရှေ့နေ(စဉ်-၅၅၀၈)	**အထက်တန်းရှေ့နေ(စဉ်-၃၀၈၄၆)**

"စိန်ထက်"ဥပဒေဝန်ဆောင်မှုကုမ္ပဏီလီမိတက် "LAW FIRM"
အမှတ်(၂၀၃)၊ သံသုမာလမ်းနှင့် ဇီဝစိုးလမ်းထောင့်၊ (၁၄/၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်း-၅၆၃၃၂၂၊ ၀၉-၈၀၂၄၈၄၀၊ ၀၉-၉၉၂၈၃၄၄

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသက်ဝင်းအောင် [၁၂/အစန(နိုင်)၀၇၉၃၅၈]၊ ဦးထွန်းဝင်းအောင်[၁၂/အစန(နိုင်)၀၇၈၆၅၉]နှင့် ဒေါ်ဟန်ကြည် [၁၂/စခန(နိုင်)၀၂၁၁၆၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းတရားရုံး(တွဲ-၈)၊ တရားမကြီးမှုအမှတ်(၂၂၄)အမှုတွင် ဦးသက်ဝင်းအောင် ပါ-၃ဦးတို့မှ ဒေါ်မီးမီးအပေါ် စွဲဆိုထားသောအမှုအား နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြေလည်ပြီးဖြစ်ပါ၍ ၁၅-၅-၂၀၁၀ ရက်တွင် အမှုအား ခြွင်းချက်မရှိပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမူ (ဥပဒေဘွဲ့)	**ဒေါ်ဝတ်ရည်မွန်(ဥပဒေဘွဲ့)**
စဉ်-၂၁၇၉၁	**စဉ်-၂၈၆၄၅**

အထက်တန်းရှေ့နေများ
အမှတ်(၅၄၉)၊ နွယ်နီ(၁၀)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၆၉၉၅၇၅

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်သုခလမ်းနေ ဦးထွန်းကြိုင်-ဒေါ်ခင်စန်းမြင့်တို့၏သားများဖြစ်ကြသော မောင်အောင်ထွန်းမြင့်[၉/မရတ(နိုင်)၀၆၃၀၇၈]နှင့် မောင်ကျော်မြင့်ထွန်း [၉/မရတ(နိုင်)၀၀၀၄၃၁]တို့သည် လူကြီးမိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်သဖြင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်ပြီး (လုံး၀)လုံး၀ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

အဖ-ဦးထွန်းကြိုင်
[၉/မရတ(နိုင်)၀၆၃၀၆၈]
အမိ-ဒေါ်ခင်စန်းမြင့်
[၉/မရတ(နိုင်)၀၆၃၀၆၉]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဝေဖြိုးဟန် [၉/မထလ(နိုင်)၂၅၂၀၅၂]သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးခင်မောင်ကြည်
[၉/မထလ(နိုင်)၀၂၉၈၀၀]
လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့

သင့်သွေးဖြင့်
အသက်ကယ်ပါ

အထက (၁)အင်းစိန် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမြင့်စိန် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် မဆုမြတ်နိုးအား ဆုချီးမြှင့်စဉ်။

(၃၂၃)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၀

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS** နှင့် **၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)** တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၁)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၂၂)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့၌ ၈၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစက္ကူအဟောင်းများ လဲလှယ်နိုင်

ရန်ကုန် ဩဂုတ် ၂၀

ပြည်သူများလက်ဝယ်၌ လှည့်လည်သုံးစွဲနေသော ဟောင်းနွမ်း ငွေစက္ကူများကို သတ်မှတ်ချက်များနှင့် ပြည့်စုံသော ငွေစက္ကူများဖြစ်ပါက ရန်ကုန်မြို့ အမှတ်(၁၉၈/၁၉၉) ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဌာနခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲအသီးသီးတို့တွင် ၁၀ကျပ်တန်မှ ၂၀၀ကျပ်တန်အထိကို တန်ဖိုးတူချင်း အဟောင်းနှင့် အသစ် လက်ခံလဲလှယ်ပေးခြင်းအား ဩဂုတ် ၃ ရက်မှ စတင်၍ လဲလှယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖြန့်ဖြူးပေးလျက်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ ဈေးများဌာနတို့သို့လည်း တန်ဖိုးငယ်ငွေစက္ကူများကို အပတ်စဉ် တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၀

၂၀၁၀ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ဝ ပေခန့်မှ ၂၀ ဒသမ ၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)